WPS အကျဉ်းချုပ် စီးရီး

# ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ အဓိပ္ပါယ်ပြည့်ဝသော ပါဝင်ဆောင်ရွက်မှုကို တိုးတက်အောင်ဆောင်ရွက်ခြင်း

## မြန်မာနိုင်ငံတွင် လက်တွေ့ဆောင်ရွက်ရန်အတွက် အထောက်အထားနှင့် အကြံဉာဏ်အတွေးအခေါ်များ

၂၀၂၄ ခုနှစ် မတ်လ

## နိဒါန်း

ဤစာတမ်းသည် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး(WPS)မူဘောင်တွင်ပါဝင်သည့် အဓိကအချက် များကို ဖော်ပြထားပြီး၊ အထူးသဖြင့် WPS ၏ ကဏ္ဍလေးရပ်အနက်မှ ကဏ္ဍတစ်ခုဖြစ်သည့် အမျိုးသမီးများ၏ အဓိပ္ပါယ်ပြည့်ဝသော ပါဝင်ဆောင်ရွက်မှုအပေါ် အလေးထားမှုနှင့် မြန်မာနိုင်ငံအပေါ် အဓိကဦးတည်ဖော်ပြထားသည်။[1]

၁၉၉၅ ခုနှစ် ဘေဂျင်းလုပ်ငန်းစီမံချက်တွင်ဖော်ပြထားသည့် အမျိုးသမီးနှင့်လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ လုပ်ငန်းစဉ် ဖော်ဆောင်ရန် ဆယ်စုနှစ်ပေါင်းများစွာ ကြိုးပမ်းဆောင်ရွက်ပြီးနောက် WPS မူဘောင်ကို ၂၀၀၀ ခုနှစ်တွင် လုံခြုံရေး ဆုံးဖြတ်ချက် အမှတ် (၁၃၂၅) ချမှတ်ကျင့်သုံးမှုနှင့်အတူ ထပ်မံတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည်။ ဤဆုံးဖြတ်ချက်သည် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် လက်နက်ကိုင်ပဋိပက္ခ၏ တစ်ဖက်စောင်းနင်း ဖြစ်သော သီးခြားးထိခိုက်မှုများရှိနေကြောင်းကို လုံခြုံရေးကောင်စီက အသိအမှတ်ပြုသည့် ပထမဆုံးသော ဆုံးဖြတ်ချက်ဖြစ်ခဲ့သည်။  ကမ္ဘာလုံးဆိုင်ရာ WPS လုပ်ငန်းစဉ်ကို ဖော်ဆောင်ပေးသည့် လုံခြုံရေးကောင်စီဆုံးဖြတ်ချက် ၁၀ ရပ်ရှိပြီး၊ကြိုတင်ကာကွယ်ရေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊  ကာကွယ်စောင့်ရှောက်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့နှင့်ပတ်သက်၍ မူဝါဒ လမ်းညွှန်မှုများကို ဖော်ပြထားသည်။ 2

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် UNSCR 1325 နှင့် WPS လုပ်ငန်းစဉ်ကို လက်တွေ့အကောင်အထည်ဖော်သည့် နည်းလမ်း အချို့အနက် ပါဝင်သည့်ဆောင်ရွက်ချက်များမှာ - အစိုးရဦးဆောင်သည့် အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAP) ရေးဆွဲခြင်းအပြင်၊ အခြား နိုင်ငံတော်အဆင့် မဟာဗျူဟာများ၊ မူဝါဒထုတ်ပြန်ကြေညာချက်များ၊ သို့မဟုတ် အခြားအစီအစဉ်များ ပါဝင်သည်။ အမျိုးသမီးများသည် ၎င်းတို့၏ ဂျဲန်ဒါလက္ခဏာကြောင့် အကြမ်းဖက်ပဋိပက္ခကာလအတွင်းနှင့် ပဋိပက္ခလွန် နောက်ပိုင်း အခြေအနေများတွင် သီးခြား စိန်ခေါ်မှုများကို ကြုံတွေ့ရကြောင်း၊  အကြမ်းဖက်ပဋိပက္ခ ကာကွယ်တားဆီးရေး၊ ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ကြိုးပမ်းဆောင်ရွက်မှုများတွင် အမျိုးသမီးများ အနေဖြင့် တန်းတူညီမျှရှိပြီး အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်မှု

[1] UNW နှင့်အတူလက်တွဲဆောင်ရွက်သော အမျိုးသမီးအခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများထံမှ အကြံပြုချက်များကို တုံ့ပြန်ဆောင်ရွက်ပေးသည့် အနေဖြင့် WPS အနှစ်ချုပ်စာစဉ်ကို ပြုစုခဲ့ခြင်းဖြစ်သည်။

[2] ဤ ဆုံးဖြတ်ချက်များနှင့်ပတ်သက်၍ အပြည့်အစုံကို https://www.peacewomen.org/why-WPS/solutions/resolutions တွင် ကြည့်ရှုနိုင်ပါသည်။

အလွန်အရေးကြီးကြောင်းကို ဤလုပ်ငန်းဆောင်ရွက်ချက်များဖြင့် အသိအမှတ်ပြုထားသည်။

ကမ္ဘာလုံးဆိုင်ရာ WPS လုပ်ငန်းစဉ်သည် အမျိုးသမီးများ၏ လိုအပ်ချက်၊ အကျိုးစီးပွားနှင့် အခွင့်အရေးများကို ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မူဝါဒရေးဆွဲချမှတ်မှုနှင့် ကျင့်သုံးဆောင်ရွက်မှုများ၏ ဗဟိုအချက်အချာနေရာတွင် ထည့်သွင်းထားသည်။ အမျိုးသမီး၊ အမျိုးသား၊ လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါဆိုင်ရာ လူနည်းစုများ၊ မတူကွဲပြားမှုများ ပေါင်းဆုံဖြစ်ပေါ်မှု[3] အပေါ် ဘေးကင်းလုံခြုံမှုမရှိခြင်းနှင့် အကြမ်းဖက်မှုတို့၏ သတိမထားမိသောသက်ရောက်မှု ပုံစံအမျိုးမျိုးကို အလေးထားဆောင်ရွက် ရန်ဖြစ်သည်။ထို့အပြင် ပဋိပက္ခအခြေအနေများအတွင်း  အစီအစဉ်များရေးဆွဲခြင်း၊ ဂျဲန်ဒါလိုအပ်ချက်အလိုက် ဖြည့်ဆည်း ဆောင်ရွက်မည့်[4] မူဝါဒရေးဆွဲခြင်း၊ ဂျဲန်ဒါတန်းတူအလေးထား ရှုမြင်သည့် အချက်အလက်နှင့် လေ့လာဆန်းစစ်ခြင်းတို့တွင် အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် အခွင့်အရေးများကို အလေးထားဖော်ပြရန် ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ WPS လုပ်ငန်းစဉ်အောက်တွင် ကဏ္ဍလေးရပ် ပါဝင်ပြီး၊ ၎င်းတို့မှာ -

## ၁။ ကြိုတင်ကာကွယ်ရေး

ဖြစ်ပေါ်လာနိုင်သည့် ပဋိပက္ခအတွက် စောင့်ကြည့်လေ့လာခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းတို့ပါဝင်သော  ကာလတိုနှင့် ကာလလတ် စီမံဆောင်ရွက်ချက်များ၊ ဥပမာ - ကြိုတင်သတိပေးချက်နှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ ကြိုတင်ကာကွယ်ရေးဆိုင်ရာ သံတမန် ဆက်ဆံရေး၊ ငြိမ်းချမ်းမှု ထိန်းသိမ်းရေးနှင့်၊ အခြေခံအကြောင်းရင်းများကို ဖြေရှင်းရန် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ရေရှည် စီမံဆောင်ရွက်ချက်များ၊ ဥပမာ - ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ တန်းတူညီမျှ မရှိခြင်းကို ကိုင်တွယ်ဖြေရှင်းခြင်း၊ လူ့အခွင့်အရေးနှင့် နိုင်ငံသားအခွင့်အရေးများ၊ လူအများလုံခြုံရေးကို မြှင့်တင်ဆောင်ရွက်ခြင်း၊ ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ စစ်တပ်လျှော့ချရေး၊ လက်နက်ဖျက်သိမ်းရေးနှင့် စစ်အသုံးစရိတ် လျှော့ချရေးများ ပါဝင်သည်။

ဥပမာ - မြန်မာနိုင်ငံတွင်၂၀၂၁ ခုနှစ်မတိုင်မီ အရပ်သားအပစ်အခတ်ရပ်စဲရေးနှင့် အရပ်သားကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ စောင့်ကြည့်လေ့လာရေးကွန်ရက်များတွင် အမျိုးသမီးများ၏ ခေါင်းဆောင်မှုနှင့် ပါဝင်ဆောင်ရွက်ခဲ့ခြင်းသည် ဖြစ်ပွားမှု အရှိန်လျှော့ ချခြင်း၊ ကြိုတင်သတိပေးခြင်း၊ ချိတ်ဆက်ဆောင်ရွက်ခြင်းတို့မှတစ်ဆင့် အကြမ်းဖက်ပဋိပက္ခကို ကာကွယ် တားဆီးနိုင်ခဲ့သော ထိရောက်သည့် ဥပမာများပင်ဖြစ်သည်။

## ၂။ ပါဝင်ဆောင်ရွက်ရေး

အမျိုးသမီးများအနေဖြင့် ပဋိပက္ခကာကွယ်တားဆီးရေး၊ ဖြေရှင်းရေးယန္တရားများနှင့် အဖွဲ့အစည်းများ (တရားဝင်နှင့်

---

[3] ပေါင်းဆုံဖြစ်ပေါ်မှု (Intersectionality) ဟုဆိုရာတွင် ကျွန်ုပ်တို့၏ လူမျိုးစု၊ လူမှုအဆင့်အတန်း၊ လိင်စိတ်တိမ်းညွတ်မှု၊ ဂျဲန်ဒါကိုယ်ပိုင်ဝိသေသခံယူချက်နှင့် စွမ်းဆောင်ရည်ကဲ့သို့သော ကျွန်ုပ်တို့၏ ရှုထောင့်ပုံစံအမျိုးမျိုးက တစ်ခုနှင့်တစ်ခု ထပ်တူရှိနိုင်ပုံ၊ အပြန်အလှန်သက်ရောက်နိုင်ပုံကို နားလည်သဘောပေါက်ခြင်းနှင့်သက်ဆိုင်သည်။ ဤအကြောင်းရင်းများပေါင်းစုံဖြစ်ပေါ်၍  ခွဲခြားဆက်ဆံမှု သို့မဟုတ် အခွင့်အလမ်းနည်းမှုများ ပို၍ရှုပ်ထွေးဖြစ်ပေါ်လာကြောင်းတွေ့နိုင်သည်။ ဥပမာအားဖြင့် အမျိုးသမီးတစ်ဦးသည် ဖယ်ကြဉ်ခံ လူမျိုးစုအုပ်စုတစ်စုတွင်ပါဝင်သူ သို့မဟုတ် မသန်စွမ်းသူတစ်ဦးဖြစ်ပါက သူမသည် ခွဲခြား ဆက်ဆံမှုပုံစံတစ်မျိုးတည်းသာမက၊ နှစ်မျိုးရောနေသည့် ခွဲခြားဆက်ဆံမှုပုံစံများကို ရင်ဆိုင်ရသည်။ ဤကဲ့သို့ ပေါင်းစုံဖြစ်ပေါ်သည့် အကြောင်းရင်း များကြောင့် သူမအနေဖြင့် ခေါင်းဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရာတွင် အခက်အခဲများကိုပိုမိုကြုံတွေ့ရသည်။

[4] ဂျဲန်ဒါတန်းတူအလေးထားရှုမြင်ခြင်း(Gender-sensitive)ဆိုသည်မှာ ဂျဲန်ဒါစံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့် ဆက်ဆံရေးများကို စဉ်းစားသုံးသပ် သော်လည်း တန်းတူညီမျှမရှိခြင်းကို ဖြေရှင်းဆောင်ရွက်ခြင်းမပြုသည့် လုပ်ဆောင်ချက်ကိုဆိုသည်။ ဂျဲန်ဒါလိုအပ်ချက်အလိုက်ဖြည့်ဆည်းဆောင်ရွက် ခြင်း(gender-responsive) ဆိုသည်မှာ ဂျဲန်ဒါစံသတ်မှတ်ချက်များ၊ အခန်းကဏ္ဍများနှင့် ဆက်ဆံရေးများကို စဉ်းစားသုံးသပ်ခြင်းအပြင် တန်းတူညီမျှမရှိခြင်း လျှော့နည်းပပျောက်စေရန် ရည်မှန်းချက်ချမှတ်၍ လိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ခြင်းဖြစ်သည်။ ဤသဘောတရားများကို ဤစာစဉ်၏ ဒုတိယပိုင်း တွင် အသေးစိတ် ဆန်းစစ်ဖော်ပြသွားပါမည်။

အလွတ် သဘော) အပါအဝင် ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်တိုင်းတွင် တန်းတူညီမျှ ကိုယ်စားပြုခွင့်နှင့် သြဇာလွှမ်းမိုးနိုင်ခွင့်ရှိသည်။

ဥပမာ - မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) စေ့စပ်ညှိနှိုင်းဆွေးနွေးမှုများတွင် အမျိုးသမီးများ ပိုမိုပါဝင်ရေး ကြိုးပမ်းချက်များမှာ မအောင်မြင်ခဲ့ပါ။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ အတွင်း အမျိုးသမီးများပါဝင်မှုသည် အစိုးရကိုယ်စားလှယ် အဖွဲ့တွင် ၄ ရာခိုင်နှုန်းနှင့်၊ တိုင်းရင်းသား လက်နက်ကိုင် ကိုယ်စားလှယ် အဖွဲ့တွင် ၆ ရာခိုင်နှုန်းရှိပြီး၊ အကြီးတန်း ကိုယ်စားလှယ် အဖွဲ့တွင် ၁၃ ရာခိုင်နှုန်း ပါဝင်ခဲ့သည်။[5]

## ၃။ ကာကွယ်စောင့်ရှောက်ရေး

အမျိုးသမီးများနှင့် မိန်းကလေးများတွင် ကွဲပြားခြားနားသော ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အခွင့်အရေးများနှင့် လိုအပ်ချက်များရှိကြသည်။ လက်နက်ကိုင်ပဋိပက္ခအခြေအနေများတွင် ၎င်းတို့ကို ပဋိပက္ခနှင့် ဆက်နွှယ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်မှု ပါဝင်သည်။ ပြည်တွင်းနေရပ်စွန့်ခွာသူ (IDPs)များ၊ ဒုက္ခသည်များနှင့် နိုင်ငံမဲ့သူများ၏ လိုအပ်ချက်များကို လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းပါဝင်သည်။ ဤအခွင့်အရေးများအတွက် စည်းရုံးလှုံ့ဆော်ပေးသော အမျိုးသမီးလူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ (WHRDs) နှင့် အမျိုးသမီးများ အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်း (WROs)များသည်လည်း အသက် အန္တရာယ် စိုးရိမ်ဖွယ်ရာရှိသည့် မတော်မတရားပြုမှု၊ ခြိမ်းခြောက်မှုနှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှု(GBV)တို့ကို ကြုံတွေ့ကြရသည်။ *ကာကွယ်စောင့်ရှောက်ရေး*ကဏ္ဍသည် *ပါဝင်ဆောင်ရွက်ရေး*ကဏ္ဍနှင့် ပို၍ချိတ်ဆက်နေပါသည်။ အဘယ်ကြောင့် ဆိုသော် အမျိုးသမီးများကို အများပြည်သူလူမှုဘဝတွင် နှုတ်ဆိတ်နေစေရန် (အွန်လိုင်းနှင့် နည်းပညာဆိုင်ရာ အထောက်အကူ အပါအဝင်) GBV ကို အသုံးချနေသောကြောင့် ဖြစ်သည်။

ဥပမာ - မြန်မာနိုင်ငံအတွင်းနှင့် နိုင်ငံပြင်ပရှိ ဒုက္ခသည်နှင့် IDP ခိုလှုံရေးစခန်းများအတွင်း GBV ကြုံတွေ့ရသူများအတွက် ဘေးကင်းလုံခြုံသော ခိုလှုံရေးဂေဟာများကွန်ရက်။ 6

## ၄။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး

အမျိုးသမီးများနှင့် မိန်းကလေးများ၏ ကွဲပြားခြားနားသော လိုအပ်ချက်များနှင့် အခွင့်အရေးများအားလုံးအကျုံးဝင်သည့် လူသားချင်း စာနာမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကူအညီ အထောက်အပံ့များအား ဘေးကင်းလုံခြုံစွာနှင့် တန်းတူညီမျှ ရရှိရမည်။ 'ပြန်လည်ထူထောင်ရေး' လုပ်ငန်းပိုင်းသည် ပြန်လည် တည်ဆောက်ရေးကို မြှင့်တင်သည့် ရေရှည်အစပျိုး ဆောင်ရွက်ချက်များ အပေါ် အလေးထားပြီး၊ တစ်ခါတစ်ရံတွင် လူ့အဖွဲ့အစည်း အသွင်ပြောင်းလဲရေးကို အလေးထားဆောင်ရွက်သည်။

ဥပမာ - ၂၀၂၁ ခုနှစ် စစ်တပ်အာဏာလွှဲပြောင်းရယူပြီး နောက်ပိုင်းကာလများတွင် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ကူညီမှုများ ဖြည့်ဆည်းပေးနေသော မြန်မာနိုင်ငံအနှံ့ရှိ အမျိုးသမီးများအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ။

---

[5] Buchanan, C. & Williscroft C. 2016. [The Women are Ready: An Opportunity to Transform Peace in Myanmar](). Yangon: Peace Support Fund.

[6] ဥပမာ - ခိုလှုံရေးဂေဟာများကို ထိန်းသိမ်းထူထောင်ရန် ကရင်အမျိုးသမီးရေးရာအဖွဲ့အစည်းများ (နှင့် အခြား WRO များ၏) လုပ်ငန်းဆောင်ရွက်ချက်၊ ဤနေရာတွင် လေ့လာကြည့်ရှုနိုင်သည် - https://karenwomen.org/social-welfare-program/safe-houses-and-womens-protection-project/

## စာအကွက် (၁)

## 'အမိပွါယ်ပြည့်ဝသော ပါဝင်ဆောင်ရွက်မှု' - နာမည်သာပါဝင်ခြင်းအဖြစ်မှ တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းသို့

၂၀၀၀ ခုနှစ်မှ စတင်၍၊ 'အဓိပ္ပါယ်ပြည့်ဝသော" ဟူသည့်အသုံးကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာပြီး၊ အစည်းအဝေး သို့မဟုတ် စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်တွင်ပါဝင်သည့် အမျိုးသမီး အရေအတွက်/ကိန်းဂဏန်းအရေအတွက် ထက် အနှစ်သာရပိုရှိသော အမျိုးသမီးများ၏ ပါဝင်မှုကို အသိအမှတ်ပြုရန် အသုံးပြုခဲ့ခြင်းဖြစ်သည်။ အဓိကအချက်များအနေဖြင့် - အခွင့်အလမ်းများရယူရန် လူကိုယ်တိုင်ရှိခြင်း၊ အသိပညာ/ဗဟုသုတ၊ ကွန်ရက်အဖွဲ့အစည်းများနှင့် ကိုယ်ပိုင်ယုံကြည်မှုများ တိုးတက်ရရှိလာခြင်း၊ နိုင်ငံရေးဆိုင်ရာ ပြောင်းလဲဆောင်ရွက်မှုများတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်နိုင်ခြင်း၊ အစီအစဉ်များ/လုပ်ငန်းစဉ်များ ချမှတ်ရာတွင် အစိတ်အပိုင်းတစ်ခုအဖြစ်ပါဝင်ခြင်း၊ ပို၍ကျယ်ပြန့်သော လူမှုဆိုင်ရာနှင့် နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုများဖြင့် အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်သည့် ဂျဲန်ဒါရေးရာ ရှုထောင့်အမြင် နှင့် အမျိုးသမီးများအခွင့်အရေး အလေးထားစရာများကို အသိပေးခြင်းတို့ပါဝင်သည်။

မြန်မာနိုင်ငံရှိ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ်အတွင်း အမျိုးသမီးများ၏ 'အဓိပ္ပါယ်ပြည့်ဝသော ပါဝင်ဆောင်ရွက် မှု' တွင် ဟန့်တားနေသည့် အတားအဆီးများမှာ -

၁။ လူမှုဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာစံများကို ထပ်တိုးဖြစ်ပေါ်စေပြီး ဂျဲန်ဒါတန်းတူညီမျှမှု မရှိခြင်းကို ဆက်လက်တည်ရှိစေသော အမြစ်တွယ်နေသည့် အမျိုးသားကြီးစိုးသောစနစ်နှင့် သီးသန့်အခွင့်အာဏာဖွဲ့စည်းတည်ဆောက်ပုံများ။

၂။ (အများအားဖြင့် သီးသန့် အမျိုးသားများသာဖြစ်သော) အခွင့်အာဏာစွဲကိုင်ထားသူများအကြား နိုင်ငံရေးဆိုင်ရာ ပါဝင်ဆောင်ရွက်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏ ပါဝင်မှုနှင့်ပတ်သက်၍ လိုလိုလားလား စိတ်စေတနာနှင့် အသိပညာ အကန့်အသတ်ရှိနေခြင်း။

၃။ တရားဥပဒေဆိုင်ရာ နှင့် မူဘောင်များသည် ပြည့်စုံမှု မရှိခြင်းနှင့် ကျင့်သုံး အကောင်အထည်ဖော်မှု အားနည်းခြင်း။

၄။ ဂျဲန်ဒါတန်းတူညီမျှရေးအတွက် စည်းရုံးလှုံ့ဆော်ရန် အများပြည်သူအားထားအသုံးပြုနိုင်သည့်နေရာ နည်းပါးခြင်း။

၅။ အမျိုးသားများ၏ အရည်အချင်းနှင့် စွမ်းရည်များကို မေးခွန်းမထုတ်ကြသော်လည်း အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်သည်ဟု ပြောဆိုခံရမှုများရှိသောကြောင့် အမျိုးသမီးများမှာ ယုံကြည်ချက် နည်းပါးလာခြင်း သို့မဟုတ် ကိုယ့်ကိုကိုယ်ခံယူချက် ကျွမ်းကျင်မှု (စွမ်းရည်) နည်းပါး လာခြင်း။

'အထောက်အကူပြုစီမံချက်များ'သည် အဓိပ္ပါယ်ပြည့်ဝသောပါဝင်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှိနေသည့် အတားအဆီးများကို လက်တွေ့လျှော့ချဖယ်ရှားရာတွင်အလွန်အရေးပါသည်။ ၎င်းတွင် 'သုံးရင်သုံး၊ မသုံးရင်ရှုံး' ကိုယ်စားလှယ်နေရာစနစ်နှင့်အတူ အမျိုးသမီးများ၏ပါဝင်ဆောင်ရွက်မှုကိုမြှင့်တင်ခြင်း၊ အပြုသဘောအားပေး မြှင့်တင်ဆောင်ရွက် ခြင်း၊ အားလုံးအကျုံးဝင်သော အထောက်အကူပြုနည်းလမ်းများ (ရှေ့တွင် ဖော်ပြမည့်ဥပမာများအပါအဝင်)၊ အမျိုးသားအများစုပါဝင်သော အစည်းအဝေးများမကျင်းပမီ အမျိုးသမီးများအတွက်ပြင်ဆင်ရန် အကြိုအစည်းအဝေး များ ပြုလုပ်ခြင်းတို့ ပါဝင်သည်။ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာအတားအဆီးများကို ဖယ်ရှားရန် အခြားဆောင်ရွက်ချက်များအနေဖြင့် - ကလေးပြုစုစောင့်ရှောက်ရေးကုန်ကျစရိတ်များ၊ စကားပြန်/ဘာသာပြန်ပေးခြင်း၊ အွန်လိုင်းဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းများအတွက် အချက်အလက်များပံ့ပိုးပေးခြင်း၊ အများပြည်သူရှေ့ ဆွေးနွေး ပြောဆိုခြင်းနှင့် စည်းရုံးလှုံ့ဆော်မှုဆိုင်ရာသင်တန်းနှင့်အခြားဆောင်ရွက်ချက်များ ပါဝင်နိုင်သည်။

ဥပမာ

အမျိုးသမီးများအခွင့်အရေးဆောင်ရွက်သူများက မူဝါဒပြောင်းလဲမှုနှင့် ပတ်သက်၍ မတူကွဲပြားသော အဖွဲ့အစည်းများကို စည်းရုံးခြင်းနှင့် မလိုအပ်သော အမျိုးသမီးများဆိုင်ရာပြသနာများနှင့် ပတ်သက်သည့် စိုးရိမ်မှုများကို ဖော်ထုတ်ခြင်း

» အာဏာပိုင်များ ဆွေးနွေးထားသည့်အကြောင်းအရာများကို ရွှေ့ပြောင်းခြင်းနှင့် ပုံဖော်ခြင်း




ဥပမာ

အမျိုးသမီးများအတွက် အဓိက မူဝါဒပြသနာများ( ဥပမာ - ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း) တွင် ထိုးထွင်း သိမြင်စေသည့် ဆက်စပ်လေ့လာသင်ယူမှု အခွင့်အလမ်းများ ( ဥပမာ - အများပြည်သူ ရှေ့ စကားပြောဆိုခြင်း)

» အမျိုးသမီးများ၏ အသိပညာနှင့် ယုံကြည်မှုကို မြှင့်တင်ပေးခြင်း

ဥပမာ

တရားဝင်နှင့် အလွတ်သဘော ဆွေးနွေးပွဲများ၊ စကားဝိုင်းများတွင် အမျိုးသမီးများအတွက် ကိုတာ သို့မဟုတ် နေရာ သီးသန့်ထားရှိပေးခြင်း

» အမျိုးသားများ ကြီးစိုးသော နေရာများတွင် အမျိုးသမီးများ ရှိနေခြင်းကို ပုံမှန်ဖြစ်လာစေခြင်း

ဥပမာ

မတူကွဲပြားသော အမျိုးသမီးများ၏အခွင့်အရေးလှုပ်ရှားမှုများနှင့် အစုအဖွဲ့များနှင့် ပုံမှန် ထိတွေ့ဆက်သွယ်မှု ရရှိရန် တရားဝင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ယန္တရားများတွင် နေရာ ရရှိစေခြင်း

» ကျယ်ပြန့်သော လှုပ်ရှားမှုများနှင့် ချိတ်ဆက်မှုများကို အားကောင်းစေခြင်း

ရင်းမြစ် ။ ဂျန်ဒါ - အားလုံး ပါဝင်သည့် ငြိမ်းချမ်းရေးဖော်ဆောင်မှု - စေ့စပ်ညှိနှိုင်းရေးသမားများ၏ နည်းဗျူဟာများ ၊ Buchanan C 2021 ။ UN Women က ပြုစုထားသော မူရင်း ဂရပ်ဖစ် ပေါ်တွင် အခြေခံထားသည့် လူသားချင်း စာနာမှုဆိုင်ရာ ဆွေးနွေးပွဲ စင်တာ ဂျီနီဗာ။ UN Women - နယူးယောက် - ကျွမ်းကျင်ပညာရှင်အုပ်စု၏ ဂျန်ဒါ - အားလုံးပါဝင်သော ငြိမ်းချမ်းရေးသဘောတူညီချက် နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသမီးများ အဓိပ္ပါယ် ပြည့်ဝစွာ ပါဝင်ဆောင်ရွက်ခြင်း အစီရင်ခံစာ ၂၀၁၈ ခုနှစ် ။ တို့ကို ဆီလျော်အောင် ဘာသာပြန်ထားသည်။

## အတားအဆီးများနှင့် မဟာဗျူဟာများ

အများပြည်သူလူမှုဘဝတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်မှုသည် တစ်ဦးချင်းနှင့် အစုအဖွဲ့၏ အတိုက်အခံပြုမှုများနှင့် ကြုံတွေ့ရလေ့ရှိသည်။ ဤသည်မှာ ရှိရင်းစွဲအခြေအနေမှ အကျိုးအမြတ်ရနေသော ပုဂ္ဂိုလ်များကြောင့်ဖြစ်နိုင်ပြီး၊ အများအား ဖြင့် အခွင့်အာဏာပုံစံအသီးသီး စွဲကိုင်ထားသော အမျိုးသားအများစု ဖြစ်နေလေ့ရှိသည်။ အတိုက်အခံပုံစံမျိုးစုံရှိပြီး သွယ်ဝိုက် ငြင်းဆိုခြင်းမှသည် ပိုနေမြဲကျားနေမြဲ အခြေအနေကိုထိန်းထားသော ပြုလုပ်မှုအထိ အမျိုးမျိုးရှိသည်။ နိုင်ငံရေးနှင့် လုံခြုံရေး ဆိုင်ရာ ဖြစ်နိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုအစိတ်အပိုင်းအဖြစ်၊ အတိုက်အခံနှင့် လူအများ၏ အနုတ်လက္ခဏာဆောင်သော တုံ့ပြန်မှုကို ဆန်းစစ်လေ့လာရန်နှင့် ထိုပုံစံအမျိုးမျိုးကိုဖြေရှင်းရန်အတွက် မဟာဗျူဟာများ ရေးဆွဲဖော်ထုတ်ရန် လိုအပ်သည်။

လက်တွေ့ဆောင်ရွက်သူတစ်ဦးအဖြစ် အတိုက်အခံများနှင့်ပတ်သက်၍ ပြင်ဆင်ပြီး တုံ့ပြန်ဖြေရှင်းရန်အတွက် အဆင့် နှစ်ဆင့် လိုအပ်သည်။ ပထမအဆင့် - အတိုက်အခံသည် မည်သည့်ပုံစံဖြစ်ကြောင်းကို နားလည်ရမည်ဖြစ်ပြီး၊ ဒုတိယအဆင့် - ထိုအတိုက်အခံပုံစံကို ကိုင်တွယ်ဖြေရှင်းရန် မဟာဗျူဟာနည်းလမ်းအချို့နှင့် ထိရောက်သော တုံ့ပြန်ဆောင်ရွက်မှုများ လိုအပ်သည်။ အောက်ပါအချက်များကို နားလည်သဘောပေါက်ခြင်းမှတစ်ဆင့် မဟာဗျူဟာများကို ရေးဆွဲ တည်ဆောက်နိုင်သည်။

- ခေါင်းဆောင်များနှင့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းပါဝင်နေပုံနှင့်အဖွဲ့အစည်းဆိုင်ရာအကျိုးစီးပွားနှင့် ဦးစားပေးမှုများ၊
- မူဝါဒနှင့် ပြုပြင်ပြောင်းလဲရေး ကနဦးဆောင်ရွက်ချက်များကို မူဘောင်ရေးဆွဲချမှတ်ပုံနှင့် ဆက်သွယ်ဆောင်ရွက်ပုံနည်းလမ်း၊
- အပြောင်းအလဲဖြစ်ပေါ်သည့် မြင်သာသည့် နည်းလမ်းများနှင့် မမြင်သာသည့် နည်းလမ်းများ၊
- ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းနှင့် အဖွဲ့အစည်းများနှင့်ပတ်သက်၍ ဩဇာလွှမ်းမိုးနိုင်ပုံနှင့် မဟာမိတ်ဖွဲ့နိုင်သည့် နည်းလမ်းများ၊
- အခြားသူများထံမှ လေ့လာခြင်းနှင့် ဤနယ်ပယ်တွင်း သုတေသနအပေါ်အခြေခံ၍ ဆောင်ရွက်ခြင်း [7]

အတိုက်အခံများကို ကျော်လွှားပြီး၊ အားလုံးအကျုံးဝင်သည့် လုပ်ငန်းစဉ် ဒီဇိုင်းရေးဆွဲရာတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု သည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ်တစ်ရပ်လုံးအား မည်သို့အကျိုးပြုပုံကို သက်သေပြရန်   အောက်ပါ ကဲ့သို့ အထောက်အထားများကို အသုံးပြုခြင်း ပါဝင်သည်။

- **ကိစ္စရပ်များနှင့်ပတ်သက်၍ ချိတ်ဆက်မှုများ ပြုလုပ်ခြင်း -** အစဉ်အလာအားဖြင့် လုံခြုံရေးဆိုင်ရာ အလေးထားဖွယ် ကိစ္စရပ်များထက်ကျော်လွန်ပြီး သဘာဝပတ်ဝန်းကျင်၊ အများပြည်သူဝန်ဆောင်မှုနှင့် ပညာရေးကဲ့သို့သော ကိစ္စရပ်များတွင် ပဋိပက္ခဖြစ်စေသည့်အရာနှင့် အကြောင်းရင်းများကို ဖော်ထုတ်ခြင်း။
- **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကာလ -** ငြိမ်းချမ်းရေးသဘောတူညီချက်များတွင် အမျိုးသမီးများပါဝင်ပါက ငြိမ်းချမ်းရေးသည် ပိုမိုကြာရှည်တည်တံ့စေပါသည်။ [8]

---

[7] သင်ကြုံတွေ့နိုင်သည့် အတိုက်အခံအမျိုးအစားများနှင့် ၎င်းတို့ကို ဖြေရှင်းနိုင်သည့် ကျယ်ပြန့်သော မဟာဗျူဟာများကို ဖော်ပြထားသည့် ရင်းမြစ်အချို့ရှိ သည်။ အထူးသဖြင့် - VicHealth. 2022. (En)countering resistance: strategies to respond to resistance to gender equality initiatives. Melbourne: Department of Education, Skills and Employment; and Viswanathan, R. 2021. Learning from Practice: Resistance and Backlash to Preventing Violence against Women and Girls. New York: UN Women. တို့တွင် လေ့လာကြည့်ရှုနိုင်သည်။

[8] လေ့လာမှုအချို့အရ ငြိမ်းချမ်းရေးသဘောတူညီချက်များသည် အနည်းဆုံး ၂ နှစ်ကြာတည်မြဲနိုင်ခြေ ၂၀ % အလားအလာရှိပြီး၊ အမျိုးသမီးများ လုံလုံလောက်လောက်ပါဝင်သည့်အခြေအနေတွင် ၁၅ နှစ်ကြာ တည်မြဲနိုင်ခြေ ၃၅ % ဖြင့် ပို၍အလားအလာရှိကြောင်း တွေ့ရသည်။ လေ့လာကြည့်ရှုရန် -

- **လုပ်ငန်းစဉ်နှင့် သဘောတူညီချက် ကျယ်ပြန့်ခြင်း -** အမျိုးသမီးများသည် ပြဿနာရပ်မျိုးစုံကို ဖော်ထုတ်တင်ပြနိုင်ပြီး သီးခြားအခြေအနေဖြစ်သည့် လူမှုတရားမျှတမှု၊ အမျိုးသမီးများအခွင့်အရေးနှင့် ဂျဲန်ဒါတန်းတူညီမျှရေး သတ်မှတ် ပြဋ္ဌာန်းချက်များ အတွက် စည်းရုံးလှုံ့ဆော်နိုင်သူလည်းဖြစ်သည်။
- **အရေးပါသော သတင်းအချက်အလက်များကို လက်လှမ်းမီရယူနိုင်ခြင်း -** အမျိုးသမီးများသည် အမျိုးသားများ မရရှိနိုင်သည့် သတင်းအချက်အလက်နှင့် ရပ်ရွာလူမှုအသိုက်အဝန်းကွန်ရက်များကို မကြာခဏ လက်လှမ်းမီ ရရှိကြသည်။
- **ရိုးသားသည့်အကျိုးဆောင်များအဖြစ်ဆောင်ရွက်ခြင်း -** အမျိုးသမီးများသည် လက်ရှိအာဏာဖွဲ့စည်းပုံပြင်ပတွင် လုပ်ကိုင်ရန် အလားအလာပိုများပြီး နိုင်ငံရေး သို့မဟုတ် စစ်ရေးအရ ချုပ်ကိုင်လေ့မရှိသောကြောင့် ၎င်းတို့ကို အကျိုးစီးပွားနည်းပါးသူများ အဖြစ်ဟု ရှုမြင်ကြသည်။
- **မတူကွဲပြားမှုများအကြား လုပ်ငန်းဆောင်ရွက်ခြင်း –** အမျိုးသမီးများသည် တိုင်းရင်းသားလူမျိုးစုပေါင်းစုံနှင့် ဂိုဏ်းဂဏ အသီးသီး အကြားတွင် စုစည်းနိုင်ခြေပိုများပြီး၊ ရေရှည်တည်ငြိမ်မှုအလားအလာကို တိုးမြင့်လာစေသည်။
- **ငြိမ်းချမ်းရေးအခြေအနေတိုးတက်အောင်ဆောင်ရွက်ခြင်း -** အမျိုးသမီးများသည် ကြားဝင်ဖျန်ဖြေသူ၊ စေ့စပ်ညှိနှိုင်းသူများအဖြစ် အဓိကအခန်းကဏ္ဍမှ ပါဝင်နိုင်ပြီး၊ စေ့စပ်ညှိနှိုင်းမှုများကို စတင်ရန် သို့မဟုတ် အပြီးသတ်ရန် နှစ်ဘက် အဖွဲ့အစည်းများကို တွန်းအားပေးရာတွင် ရှေ့တန်းမှပါဝင်နေလေ့ရှိသည့်အပြင် လူမှုသဟဇာတဖြစ်ရေး အတွက်လည်း လက်တွေ့မြေပြင်တွင် ဆောင်ရွက်နေသူများဖြစ်သည်။

## တွေ့ကြုံရလေ့ရှိသော အတားအဆီးများ

လုပ်ငန်းစဉ်၊ စီမံကိန်းဒီဇိုင်းနှင့် အကောင်အထည်ဖော်မှုကို ပံ့ပိုးပေးနေသော လက်တွေ့ဖြေရှင်းဆောင်ရွက်သူများနှင့် မူဝါဒရေးဆွဲချမှတ်သူများအနေဖြင့် အောက်ပါအချက်များကို စဉ်းစားသုံးသပ်ရန်လိုအပ်ပါသည် -

### ၁။ အပေါ်ယံ ပါဝင်မှုကို ရှောင်ကြဉ်ခြင်း

'အမျိုးသမီးများကိုထည့်သွင်းစဉ်းစားခြင်းနှင့် အမျိုးသမီးများကို ကိန်းဂဏန်းအရ ရေတွက်ခြင်း သို့မဟုတ် 'အမျိုးသမီးများ ပါလေဟန် ထည့်သွင်းထားခြင်း' သည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေး လုပ်ငန်းစဉ်များနှင့် နေရာများ (အခြားနေရာများ)တွင် တွေ့ရလေ့ရှိသည်။ ဤသည်မှာ - အမျိုးသမီးများအား ဆက်သွယ် ပြောဆိုရန်နှင့် ရလဒ်များကို ဩဇာလွှမ်းမိုးရန်အတွက် နေရာ အခွင့်အလမ်း ပေးထားခြင်းမရှိဘဲ အမျိုးသားများ ကြီးစိုးသော အခြေအနေတွင်  အမျိုးသမီးအရေအတွက်ကိုသာ ပေါင်းထည့်လိုက်ခြင်း ဖြစ်သည်။

**၂။ အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်နှင့် တရားဝင်ဖြစ်မှုတွင် စိန်ခေါ်မှုများရှိခြင်း -** အမျိုးသားကြီးစိုးမှု၏ အခွင့်အာဏာနှင့် လွှမ်းမိုးမှု သည် နေရာတကာပျံ့နှံ့လျက် ဖိနှိပ်ချုပ်ချယ်မှုရှိပြီး အမျိုးသမီးများအား အသိပညာ၊ ကျွမ်းကျင်မှုနှင့် အရည်အချင်းမရှိသူများ အဖြစ် ဘောင်ခတ်သတ်မှတ်ကာ အမျိုးသားများ၏ စွမ်းဆောင်ရည်များနှင့်ပတ်သက်၍ မေးခွန်း ထုတ်လေ့မရှိပေ။ ဆုံးဖြတ်ချက်ချမှတ်သည့် အခန်းကဏ္ဍများတွင် ပါဝင်သည့်အမျိုးသမီးများကိုလည်း လက်ခံထားသော လူမှုသတ်မှတ်စံများ ချိုးဖောက်သူများ၊ ရည်မှန်းချက်ကြီးလွန်းပြီး ရန်လိုသူများအဖြစ် ပုံသွင်းဖော်ပြလေ့ရှိသည်။ ဤနည်းများဖြင့် အမျိုးသား အများစုကြီးစိုးသည့် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်သည့်နေရာများတွင် အမျိုးသမီးများကို တရားဝင်မှုမရှိဟု ယူဆကြသည်။ တစ်နည်းအားဖြင့် လူအများသည် အမျိုးသားများကို တရားဝင်မှု ပိုရှိသူ၊ စွမ်းဆောင်ရည်ရှိသော ခေါင်းဆောင်များအဖြစ် ထင်မြင်လေ့ရှိသည့် အတွေးအခေါ်ကို

---

O'Reilly, M., et al. 2015. Reimagining Peacemaking: Women's Roles in Peace Processes. International Peace Institute.

အမျိုးသမီးများအနေဖြင့် ရင်ဆိုင် ကျော်လွှားရန်လည်း ရှိန်းကန်ကြရသည်။

**၃။ ဂျဲန်ဒါရေးရာစဉ်းစားသုံးသပ်မှုများကိုအလေးထားရန် အမျိုးသမီးများ၏ခုခံပြောဆိုမှု -**
အမျိုးသမီးများ၏တရားဝင်ဖြစ်မှုနှင့်ပတ်သက်သည့် မေးခွန်းများသည် အမျိုးသမီးများအတွက် ဂျဲန်ဒါရေးရာ စဉ်းစားသုံးသပ်ရာတွင် ၎င်းတို့၏ အခန်း ကဏ္ဍတွင်း ထည့်သွင်းဆောင်ရွက်ရန် ပို၍ခဲယဉ်းသွားသည်။ ဤနေရာတွင် အမျိုးသမီးများအနေဖြင့် ဂျဲန်ဒါဆိုင်ရာ မျှော်မှန်းချက်၊ ယူဆချက်များနှင့်ပတ်သက်၍ လမ်းကြောင်းတည့်မတ်ပေးရမည်။ အမျိုးသမီးများ ကိုယ်တိုင်သည် လည်း မတူကွဲပြားသည့် စံနှုန်းများနှင့် ရှုမြင်သတ်မှတ်ခံထားရသည်။ ဂျဲန်ဒါရေးရာ စဉ်းစားသုံးသပ်မှုများကို "ပျော့ပျောင်း" ပြီး အရေးမကြီးဟူသော ထင်မြင်ချက်သည် ဤကိစ္စရပ်များကို ဖော်ထုတ်သည့် အမျိုးသမီးများ၏ တရားဝင်ဖြစ်မှုကိုလည်း ထိခိုက်စေနိုင်သည်။

**၄။ ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် အမျိုးသမီးများကို ဘေးဖယ်ထားခြင်း -** အမျိုးသမီးများပါဝင်ဆောင်ရွက်သည့် တိုင်အောင်၊ နောက်ဆုံးအဆင့်မှ ဆုံးဖြတ်ချက်ချမှတ်ခြင်း အခွင့်အာဏာသည် ယခင်ကတည်းက အာဏာစွဲကိုင်ထားသော လူနည်းစု ဖြစ်သည့် အမျိုးသားများ လက်ဝယ်တွင်သာ ရှိနေသည်။ အဆင့် သို့မဟုတ် အထက်အောက် ရာထူး အဆင့်များ များပြားလာသည်နှင့်အမျှ အဖွဲ့အစည်းနှင့်ဖွဲ့စည်းပုံတွင် အမျိုးသမီးများ၏ပါဝင်မှုသည် နည်းပါးလာသည်။ ဥပမာအားဖြင့် အငယ်တန်းနှင့် အလယ်အလတ် အဆင့် အခန်းကဏ္ဍများနှင့် နှိုင်းယှဉ်ကြည့်ပါက ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းအများစု၏ ခေါင်းဆောင်မှုအဆင့် တွင် အမျိုးသမီးအနည်း ငယ်သာရှိသည်။

**၅။ ဆွေးနွေးပွဲစကားဝိုင်းများတွင် အမျိုးသမီးများပါဝင်နိုင်မှု အကန့်အသတ်ရှိနေခြင်း -** ဆွေးနွေးညှိနှိုင်းမှု လုပ်ငန်းစဉ်များ၊ တရားဝင် သို့မဟုတ် အလွတ်သဘော အကြံပေးအခန်းကဏ္ဍများတွင် အမျိုးသမီးများ၏ ပါဝင်မှုမှာ ကန့်သတ်ခံရလေ့ရှိပြီး၊ဆုံးဖြတ်ချက်ချမှတ်ခြင်းဆိုင်ရာ ဆွေးနွေးပွဲပြင်ပမှ ဖိအားပေးခြင်းများတွင်လည်း ကန့်သတ်ခံနေရသည်။ အစီအစဉ်ရေးဆွဲခြင်းနှင့် စကားဝိုင်းဖွဲ့ဆွေးနွေးခြင်း သို့မဟုတ် ပြန်လည်စဉ်းစားသုံးသပ်ခြင်းတို့တွင် အမျိုးသမီးများကို အစကတည်းက ဖယ်ထုတ်ထား ပြီးဖြစ်သည်။ ထို့ကြောင့် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ အကြံပြုချက်များကို စေ့စပ်ညှိနှိုင်းရေး စကားဝိုင်းနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်များသို့ ရောက်စေရန် အခြားနည်းလမ်းများ (ဆန်းသစ် သည့် နည်းလမ်းများ)ဖြင့် ဖန်တီးအသုံးပြုရတော့သည်။ သို့သော်လည်း ၎င်းတို့၏ အကြံပြုချက်များ ပါဝင်ခြင်းရှိ/မရှိမှာ ဆုံးဖြတ်ချက်ချမှတ်သူ အမျိုးသားများ၏ စိတ်ဆန္ဒအပေါ်တွင်သာ မူတည်နေတော့သည်။

**၆။ အရပ်ဘက်လူမှုဖွဲ့အစည်းများတွင် အမျိုးသမီးများ၏ ကိုယ်စားပြုပါဝင်နှုန်း ပိုလွန်များပြားနေခြင်း -** အရပ်ဘက် လူ့အဖွဲ့အစည်း နှင့် ဒေသန္တရအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းလုပ်ငန်းတွင် အမျိုးသမီးများ ကိုယ်စားပြု ပါဝင်နှုန်း ပိုများနေသည်။ ဤအဆင့်တွင် ၎င်းတို့အနေဖြင့် တရားဝင်လုပ်ငန်းစဉ်များကို လွှမ်းမိုးစည်းရုံးရန် အချိတ်အဆက် အနည်းငယ် သို့မဟုတ် အခွင့်အလမ်း အနည်းငယ်သာရှိကြသည်။ ဤဒေသန္တရအဆင့် လုပ်ငန်းများသည် ပင်ကိုအားဖြင့် နိုင်ငံရေးနှင့်ဆိုင်သော်လည်း၊ ဥပမာ - အထောက်အပံ့များဖြန့်ဝေပေးခြင်း၊ လူပျောက် ရှာဖွေပေးခြင်းနှင့် ဒေသတွင်း အပစ်အခတ်ရပ်စဲရေးကဲ့သို့သော ကိစ္စရပ်များနှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ရသော်လည်း ၎င်းတို့ကို "လူမှုရေးအလုပ် သို့မဟုတ် ရပ်ရွာလူထုစီမံကိန်း' အဖြစ်သာ မြင်ကြသည်။ လူအများ မမြင်သာသည့် အခြေအနေ အောက်တွင် ထိလွယ်ရှလွယ် လုပ်ငန်းများကိုလုပ်ကိုင်ပြီး အကျိုးကျေးဇူးများရရှိသော်လည်း အရပ်ဘက်လူမှု အဖွဲ့အစည်း အတွင်း အမျိုးသမီးများကို တန်ဖိုးမထား၊ သက်ဆိုင်ရာ နိုင်ငံရေး ကျွမ်းကျင်မှုနှင့် အတွေ့အကြုံမရှိဟူ၍ ထင်မြင်ကြသည်။ ရလဒ်အနေဖြင့် အမျိုးသမီးများသည် နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်များမှ ဖယ်ကြဉ်ချန်လှပ်ခံ ရတော့သည်။ ထို့ကြောင့် အများပြည်သူအားထားအသုံးပြုနိုင်သည့်နေရာ ပွင့်လင်း လွတ်လပ်မှု၊ CSO နှင့် နိုင်ငံ၏အစိုးရအဖွဲ့အစည်းများ

အကြား ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာသည် အဓိက ကန့်သတ်တားဆီးနေသော အကြောင်းရင်းဖြစ်သည်။

## အတားအဆီးများကို ဖော်ထုတ်ဖြေရှင်းခြင်း

အမျိုးသမီးများ၏ အဓိပ္ပါယ်ပြည့်ဝသည့် ပါဝင်ဆောင်ရွက်မှုတွင် ရှိနေသည့်*အတားအဆီးများကို ဖြေရှင်းရာတွင်၊ ရှုထောင့် ၃ ရပ်မှ နေ၍ လုပ်ငန်းဆောင်ရွက်ချက်အမျိုးမျိုးကို စဉ်းစားသုံးသပ်ရန် အရေးကြီးပါသည်။ (၁) စေ့စပ်ညှိနှိုင်းရေးစကားဝိုင်းတွင် အမျိုးသမီးများ ပါဝင်စေခြင်း၊ (၂) စေ့စပ်ညှိနှိုင်းရေးစကားဝိုင်းတွင် အမျိုးသမီးများ၏ လွှမ်းမိုးစည်းရုံးနိုင်မှုကို လမ်းဖွင့်ပေးခြင်း၊ (၃) လုပ်ငန်းစဉ်ပြင်ပတွင် ကျန်ရှိနေသေးသော အမျိုးသမီးများ၏ အလေးထားဖွယ်ကိစ္စရပ်များကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်း။။။*

## ဆုံးဖြတ်ချက်ချမှတ်သည့် နေရာများတွင် အမျိုးသမီးများ ပါဝင်စေခြင်း

**၁။ အမျိုးသမီးများ၏ အဓိပ္ပါယ်ပြည့်ဝသည့် ပါဝင်ဆောင်ရွက်မှုအတွက် -**
မဟာဗျူဟာမြောက်ထိရောက်သော နည်းလမ်း များ - အထောက်အထားများအရ အမျိုးသမီးများပါဝင်ဆောင်ရွက်ရေးအတွက် တွန်းအားပေးရန် လိုက်နာအပ်သည့် စံသတ်မှတ်ချက်များကို အားထားအသုံးပြုသော်လည်း၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် အခြား CSO အဖွဲ့များ ပါဝင်ရေးအတွက် နိုင်ငံရေးနှင့် မဟာဗျူဟာမြောက်ထိရောက်သောနည်းလမ်းများကိုအသုံးပြုကြောင်းတွေ့ရသည်။ တည်ရှိနေသည့် အချက်အလက်များကို ကိုးကားအသုံးပြုခြင်းဖြင့် ၎င်းကို ပြောင်းလဲနိုင်ပါသည်။ တည်ရှိနေသည့် အချက်အလက်များအရ အမျိုးသမီးများပါဝင် လက်မှတ်ရေးထိုး ချုပ်ဆိုသည့် ငြိမ်းချမ်းရေး သဘောတူညီချက်များသည် ပို၍ ခိုင်မြဲ ရှည်ကြာသောငြိမ်းချမ်းရေး[9] ကိုတည်ထောင်နိုင်ပြီး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု[10] အပေါ် အကောင်အထည်ဖော်မှု နည်းလမ်းများ ပိုမိုကောင်းမွန်လာသည်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင် လက်မှတ်ရေးထိုးသူများဖြစ်ပါက ဆုံးရှုံးနိုင်ခြေ နည်းပါးကြောင်းတွေ့ရ သည်။[11]

**၂။ အထောက်အကူပြုစီမံချက်များ -**
ပါဝင်ဆောင်ရွက်ခြင်းတွင် တားဆီးနေသည့် အဟန့်အတားများကို ထိရောက်စွာ ဖယ်ရှား ဖြေရှင်းရန်ဖြစ်သည်။ ပါဝင်သည့်ဆောင်ရွက်ချက်များမှာ - ကလေးပြုစုစောင့်ရှောက်ခြင်း၊ ခရီးသွားလာမှု ရန်ပုံငွေ ရရှိနိုင်ခြင်း၊ ထို့အပြင် လုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ချက်များ၊  ဒီဂျစ်တယ်လုံခြုံရေးဆိုင်ရာ နည်းလမ်းများနှင့် ကူညီရေး  ဖုန်းလိုင်းများ ပါဝင်သည်။ ဤလိုအပ်ချက်များ ပြည့်မီရေးသည် အမျိုးသမီးများ အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်နိုင်စွမ်းရှိမှုနှင့်  ချိတ်ဆက်နေသည်။ ယခင်ကာလများ အတွင်း မြန်မာနိုင်ငံတွင် DAI Inc. စီမံခန့်ခွဲမှုဖြင့် USAID ရန်ပုံငွေများကို အမျိုးသမီးများ အတွက် အသုံးပြုခဲ့ပြီး၊ အချိန်တို အကြောင်း ကြားမှုအတွင်း (ဥပမာ- တစ်နာရီ အတွင်း) လေယာဉ်လက်မှတ် ဝယ်ရန်၊ ဟိုတယ်အခန်းများ ကြိုတင် ငှားရန်နှင့် အခြားထောက်ပံ့ ပို့ဆောင်ရေး အထောက်အပံ့ များအပါအဝင်၊ သင်ထောက်ကူများကို ဘာသာပြန်ရန် သို့မဟုတ် အစည်းအဝေးများအတွင်း စကားပြန် အကူအညီ ရယူနိုင်ရန် ပံ့ပိုးဆောင်ရွက်ပေးခဲ့သည်။ ၎င်းကို ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးက ၂၀၁၈ ခုနှစ်တွင် နိုင်ငံတကာ၏ ကောင်းမွန်သည့်ကျင့်သုံးဆောင်ရွက်မှုအဖြစ် အသိအမှတ်ပြုခဲ့သည်။[12]

**၃။ စွမ်းဆောင်ရည်ဖြည့်ဆည်းခြင်းနှင့် ယုံကြည်မှုတည်ဆောက်ခြင်း -** အမျိုးသမီးများသည် ရပ်ရွာလူထု အဖွဲ့အစည်းများတွင် လုပ်ကိုင်နေရာမှ

[9] Krause, J. Krause, W & Bränfors, P. 2018. “Women’s Participation in Peace Negotiations and the Durability of Peace.” *International Interactions*, 44:6, 985-1016.
[10] Ibid.
[11] Nilsson, D. 2012. “Anchoring the Peace: Civil Society Actors in Peace Accords and Durable Peace.” *International Interactions* 38:2, 258; Pfaffenholz, T., Kew, D. & and Wanis-St. John, A. 2006. Civil Society and Peace Negotiations: Why, Whether and How They Could Be Involved. Geneva: HD Centre.
[12] UN. 2018. *Report of the Secretary-General on women peace and security*. S/2018/900, para.33.

နိုင်ငံရေးလုပ်ငန်းစဉ်များအတွင်းသို့ ပြောင်းလဲဝင်ရောက်လုပ်ကိုင်သည့်အခါတွင် စေ့စပ်ညှိနှိုင်းရေး ဆိုင်ရာသင်တန်းနှင့် သက်ဆိုင်ရာနယ်ပယ်အလိုက် ကျွမ်းကျင်မှု တည်ဆောက်ခြင်းများသည် အမျိုးသမီးများအတွက် ကြိုတင်ပြင်ဆင်ရေးတွင် အဓိကအခန်းကဏ္ဍမှပါဝင်သည်။ အမျိုးသမီးများအကြားတွင် ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအချို့ ရှိနှင့်ပြီးဖြစ်သည်။ သို့သော် ၎င်းတို့သည် ရိုးရာအစဉ်အလာ ယဉ်ကျေးမှု အရ တန်ဖိုးထားခံရမှု မရှိပါ။ အစဉ်အလာယဉ်ကျေးမှုသည် အချိန်နှင့်အမျှလှုပ်ရှားပြောင်းလဲနေကြောင်း၊ လူ့အခွင့်အရေးတစ်ရပ်အဖြစ် ဂျဲန်ဒါတန်းတူညီမျှရေးသည်လည်း အားလုံးအကျုံးဝင်သည့် ငြိမ်းချမ်းရေး တည်ဆောက်မှု၏ ပန်းတိုင်ဖြစ်ကြောင်း ကိုထောက်ပြခြင်းဖြင့် အမြစ်တွယ်နေသည့် အမျိုးသားကြီးစိုးမှုဆိုင်ရာ ယုံကြည်မှုများကို စိန်ခေါ်နိုင်ပါသည်။

### ၄။ အမျိုးသမီးများ၏ အရပ်ဘက်လူမှုအဖွဲ့အစည်းဆိုင်ရာအလုပ်များအပေါ် တန်ဖိုးထားမှုမရှိခြင်းကို ရင်ဆိုင်ဖြေရှင်းခြင်း -

ရပ်ရွာအခြေပြု အစပျိုးဆောင်ရွက်ချက်များကို လူမှုရေးအလုပ် (ပို၍လေးစားခံရသည့် နိုင်ငံရေးအလုပ်နှင့် မတူ) ဟု ရှုမြင်ပြီး အမျိုးသမီးများအား နိုင်ငံရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်သည့်ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးနေခြင်းဟု ရှုမြင်လေ့မရှိပေ။ အခြေအနေအမျိုးမျိုးအရ လုပ်ငန်းများကို မဟာဗျူဟာကျကျ နိုင်ငံရေး ကင်းကင်းဖြင့် ဆောင်ရွက်ရသည့် အရေးကြီးသော လုံခြုံရေးဆိုင်ရာ အကြောင်းများရှိပါသည်။ သို့သော်လည်း ဤနည်းလမ်းများသည် အမျိုးသမီးများ၏ အရပ်ဘက်လူမှုဖွဲ့အစည်းများကို နိုင်ငံရေး အဝန်းအဝိုင်းမှ ကင်းကွာသွားစေနိုင်သည်။ ဘေးကင်းလုံခြုံမည်ဆိုပါက ထိုအလုပ်များကို နိုင်ငံရေးအလုပ်များ အဖြစ် ထည့်သွင်းစဉ်းစားသင့်ပြီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းစဉ်များနှင့် သေချာချိတ်ဆက်သင့်ပါသည်။

## ဆုံးဖြတ်ချက်ချမှတ်သည့် နေရာများတွင် အမျိုးသမီးများ၏ လွှမ်းမိုးစည်းရုံးနိုင်မှု

### ၁။ ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက် အများသဘောဆန္ဒကျင့်သုံးသည့်ပုံစံများ -

ဆွေးနွေးအကြံပြုသည့်အဖွဲ့အစည်းများ အတွင်း အမျိုးသမီးအရေအတွက်အနည်းငယ်သာပါဝင်ပါက အများစု စိုးမိုးသည့်စည်းမျဉ်းပေါ်တွင် အခြေခံထားသော လုပ်ငန်းစဉ်အပေါ် လွှမ်းမိုးနိုင်ခြေနည်းပါးသွားသည်။[13] သို့သော်လည်း ဆုံးဖြတ်ချက်ချမှတ်ခြင်းအတွက် အများသဘောဆန္ဒကျင့်သုံးသည့်ပုံစံသည် အမျိုးသမီးများအနေဖြင့် လွှမ်းမိုးစည်းရုံးနိုင်ခွင့်ရှိသည့် အဖွဲ့အစည်း အလေ့အကျင့်ကို ပျိုးထောင်ပေးကြောင်းတွေ့ရသည်။ အများသဘောဆန္ဒကျင့်သုံးသည့်ပုံစံ၏ ရည်ရွယ်ချက်မှာ ပူးပေါင်းဆောင်ရွက်မှုနှင့် အားလုံးပါဝင်မှုကိုအားပေးပြီး အဖွဲ့ဝင်အားလုံး၏ ဆုံးဖြတ်ချက်ကိုလက်ခံခြင်း (သို့မဟုတ် အနည်းဆုံးအားဖြင့် ကန့်ကွက်မှု မရှိဘဲ) ဖြစ်သည်။

### ၂။ အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်သည် ခေါင်းဆောင်မှုနှင့် အစုအဖွဲ့များမှ ဆင်းသက်လာသည် - CSO

အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုများကို အသုံးပြုခြင်းဖြင့် စေ့စပ်ညှိနှိုင်းရေးစကားဝိုင်းတွင် ပံ့ပိုးမှုနှင့် အခွင့်အာဏာကို ပိုမိုအားကောင်းစေနိုင်ပြီး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်မှုကို ကျယ်ပြန့်လာစေကာ၊ အနာဂတ် အကျိုး ရလဒ်များအတွက် အရှိန်အဟုန်မြှင့်တင်ခြင်းများကို ဆောင်ရွက်နိုင်လာမည်။ အသက်အရွယ်အရ ကြီးစဉ်ငယ်လိုက် ဝါစဉ် စနစ်များသည် လုပ်ပိုင်ခွင့်ရနိုင်သည့် အမျိုးသမီးငယ်များအတွက် အတားအဆီးဖြစ်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် နဂိုရှိနှင့်ပြီးသော ငြိမ်းချမ်းရေးတည်ဆောက်သူများက ဆုံးဖြတ်ချက် ချမှတ်ခြင်း အခွင့်အာဏာပိုင်း တွင် တားဆီးထားသူများ အဖြစ် ရှိနိုင်သောကြောင့်ဖြစ်သည်။ အမျိုးသမီးများအတွက် နေရာအနည်းငယ်သာ ရှိသည့်အခြေအနေတွင် အမျိုးသမီးတစ်ဦး ရာထူး/နေရာတစ်နေရာရပါက

[13] O'Reilly, M., et al. Reimagining Peacemaking: Women's Roles in Peace Processes.

ကျန်တစ်ဦးက အခွင့်အရေးဆုံးရှုံးရသည် (zero-sum)ဟု လူများက တွေးထင်လေ့ရှိသည်။

**၃။ သီးခြားကဏ္ဍအလိုက် ကျွမ်းကျင်မှု -** သီးခြားနယ်ပယ်တစ်ခုတွင် အလွတ်သဘော အထူးပြုဆောင်ရွက်ခြင်း (ဥပမာ - လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး)ကို အမျိုးသမီးများက မဟာဗျူဟာတစ်ရပ်အဖြစ် အသုံးပြုခဲ့ပြီးဖြစ်သည်။ ရည်ရွယ်ချက်အားဖြင့် အမျိုးသမီးများအနေဖြင့် မိမိတို့၏ တန်ဖိုးများကို ဖော်ပြရန်နှင့် စေ့စပ်ညှိနှိုင်းရေး နှစ်ဘက် အဖွဲ့အစည်းများ အတွက် မရှိမဖြစ်လိုအပ်လာသည့်အခြေအနေကိုဖော်ပြရန်အတွက်ဖြစ်သည်။[14]

**၄။ အခွင့်အာဏာ ဆက်နွှယ်ချိတ်ဆက်မှုများကို ပုံဖော်ရေးဆွဲခြင်း -**လုပ်ငန်းစဉ်တစ်ရပ်အပေါ် လွှမ်းမိုးစည်းရုံးနိုင်ရန် အတွက် အခွင့်အာဏာအားပြိုင်မှု (နှင့် ကိုယ့်အကျိုး၊သူ့အကျိုး)ကို လမ်းကြောင်းတည့်မှန်အောင်ဆောင်ရွက်ခြင်း၊ အခွင့်အာဏာ ရရှိနိုင်သည့် နည်းလမ်းကို ဆုံးဖြတ်ခြင်း၊ မဟာမိတ်များကို ဖော်ထုတ်ခြင်း၊ ဆက်ဆံရေးများကို ထိရောက်စွာ အသုံးချခြင်းများ လိုအပ်သည်။ ဤသို့ဆောင်ရွက်ရာတွင် အလားအလာရှိသော ငြိမ်းချမ်းရေးဖြစ်ပေါ် တိုးတက်စေသည့် အရာများနှင့် အခွင့်အလမ်းများကို အသိအမှတ်ပြုရန် ဂျဲန်ဒါတန်းတူအလေးထား ရှုမြင်မှုဖြင့် ပဋိပက္ခအခြေအနေ ဆန်းစစ် လေ့လာမှု လိုအပ်သည့်အပြင်၊ ဂျဲန်ဒါအားလုံးအကျုံးဝင်ပါဝင်ရေးအတွက် နည်းလမ်းသစ်များ ရှာဖွေဖော်ထုတ်ရန်လည်း လိုအပ်သည်။

**၅။ ဂျဲန်ဒါရေးရာကျွမ်းကျင်မှုမှတစ်ဆင့် တရားဝင်ဖြစ်တည်မှု --** ဖိလစ်ပိုင်နိုင်ငံတွင်၊ အမျိုးသမီးကိုယ်စားလှယ်များကို ၎င်းတို့-ယခင်က ပြုလုပ်ခဲ့သော ငြိမ်းချမ်းရေးအလုပ်၊ ဒေသန္တရအဆင့်ကြားဝင်ဖျန်ဖြေခြင်း သို့မဟုတ် အရပ်ဘက်လူမှု အဖွဲ့အစည်းတွင် ခေါင်းဆောင်မှုစသည့် အရည်အချင်းများအပေါ် အခြေခံ၍ ရွေးချယ်ခဲ့သည်။ ၎င်းတို့သည် စေ့စပ်ညှိနှိုင်းမှုများအတွင်း အမျိုးသမီးများ၏ ဦးစားပေးအရာများကို ထည့်သွင်းဆွေးနွေးနိုင်ခဲ့ပြီး၊ ရေရှည်တည်တံ့သော သဘောတူညီချက်တစ်ရပ်အတွက် တွန်းအားပေးနိုင်ခဲ့ကြသည်။[15]

**၆။ အားလုံးအကျုံးဝင်ပါဝင်သော ကူညီပံ့ပိုးရေးနည်းလမ်းများ -** အမျိုးသမီးများ၏ အထောက်အကူပြုပါဝင်ဆောင်ရွက်မှုနှင့် အခန်းကဏ္ဍများကို အများမြင်သာအောင် ပြုလုပ်ခြင်းနှင့် အမျိုးသမီးများ၏ အသံနှင့် လွှမ်းမိုးစည်းရုံးနိုင်မှု၊ ပါဝင်နိုင်မှု အရည်အသွေးများအပေါ် လွှမ်းမိုးရန် အမျိုးသားများ၏ 'သဘာဝအားဖြင့်' လွှမ်းမိုးမှု စနစ်အစဉ်အလာ သို့မဟုတ် စံကို ပြောင်းလဲခြင်း။ ၎င်းတွင် အမျိုးသမီးနှင့် အမျိုးသားများ ပူးပေါင်းချိတ်ဆက်၍ ဆောင်ရွက်ခြင်း၊ အစည်းအဝေး မတိုင်မီ အမျိုးသမီးများနှင့် အတူတကွကြိုတင်ပြင်ဆင်ခြင်း၊ 'အမျိုးသမီးများ ပထမဆုံး စတင်ပြောဆိုရန် ဦးစားပေး ဖိတ်ခေါ်ခြင်း' စသည်တို့ပါဝင်သည်။ [စာအကွက် ၂ ကို ကြည့်ရှုပါ။]

## ဆုံးဖြတ်ချက်ချမှတ်သည့်စကားဝိုင်းပြင်ပတွင်ရှိသော အမျိုးသမီးများအား ပံ့ပိုးကူညီခြင်း

**၁။ 'လွှဲပြောင်းခြင်း' ယန္တရားများ -** အောင်မြင်ထိရောက်မှု အရှိဆုံး မဟာဗျူဟာများအနေဖြင့် စေ့စပ်ညှိနှိုင်းသူများ ထံသို့ သဘောထားစာတမ်းများကို တိုက်ရိုက်တင်သွင်းခြင်း၊ ကြားဝင်ဖျန်ဖြေသူ၊ စေ့စပ် ညှိနှိုင်းသူများ၊ နည်းပညာဆိုင်ရာ အကြံပေးသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကဲ့သို့ အတွင်းလူသုံးနည်းဗျူဟာ (insider tactics)နှင့် အများပြည်သူဆိုင်ရာ အစီရင်ခံစာများ ထုတ်ပြန်ခြင်း၊ နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်သူများကို စည်းရုံးမဲဆွယ်ခြင်းနှင့် မီဒီယာ လူထု ဆက်သွယ်ရေးကဏ္ဍများနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းကဲ့သို့ သော အပြင်လူသုံးနည်းဗျူဟာ(outsider tactics) ကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြစ်သည်။[16]

**၂။ ဆွေးနွေးပွဲ စကားဝိုင်းများတွင် အမျိုးသမီးများကို အားပေးမြှင့်တင်ခြင်း -** စေ့စပ်ညှိနှိုင်းရေး စကားဝိုင်းများတွင်

---

[14] အောက်တွင် 'လက်တွေ့ဖြေရှင်းဆောင်ရွက်သူများ၏ ရှုထောင့်အမြင်များ' ခေါင်းစဉ်ဖြင့် ဖော်ပြထားသည့် အပိုင်းကို ကြည့်ရှုပါ။

[15] O'Reilly, M., et al. Reimagining Peacemaking: Women's Roles in Peace Processes.

[16] Ibid.

ရှိရင်းစွဲ ရာထူးနေရာများဖြင့်ရှိနေသည့် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ရာထူးနေရာများကို ကောင်းစွာ အသုံးပြု၍ စကားဝိုင်းများ အတွင်း အမျိုးသမီးနှင့် ဂျဲန်ဒါရှုထောင့်အမြင်များကို ထည့်သွင်းဆွေးနွေးနိုင်ကြသည်။ တစ်ချိန်တည်းမှာပင် အမျိုးသမီး အဖွဲ့အစည်းများသည် ၎င်းတို့၏ ပါဝင်ဆောင်ရွက်ခြင်း တရားဝင်ဖြစ်မှုကို ပြသရန်နှင့် ဂျဲန်ဒါရှုထောင့်အမြင်များနှင့်ပတ်သက်၍ စကားဝိုင်းတွင် အမျိုးသမီးများ တင်ပြသည့် သတင်းစကားများကို လူအများထံသို့ ပိုမိုပျံ့နှံ့ ရောက်ရှိစေရန် ပြင်ပမှ ဖိအားများ ပေးနိုင်သည်။ အမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှုကို အများအားဖြင့် အမျိုးသမီးရေးရာ ညွန့်ပေါင်းအဖွဲ့များ၏ စုပေါင်း ဖိအားပေးမှုနှင့် စည်းရုံးမဲဆွယ်မှုများမှ တစ်ဆင့် အစပျိုးဆောင်ရွက်ပြီး အောင်မြင်မှုများရရှိကြသည်။[17]

[17] မြောက်အိုင်ယာလန်နိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် (ဥပမာအားဖြင့်) အမျိုးသမီးများသည် အမျိုးသမီးရေးရာညွန့်ပေါင်းအဖွဲ့ကိုဖွဲ့စည်းရန် ဂိုဏ်းဂဏအဖွဲ့အစည်း ကွဲပြားမှုများအကြား ပေါင်းစည်းနိုင်ခဲ့ပြီး စေ့စပ်ညှိနှိုင်းရေးစကားဝိုင်းတွင် နေရာတစ်နေရာရခဲ့သည်။ ဆိုမာလီယာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေးညီလာခံတွင်၊ အမျိုးသမီးများသည် တရားဝင်ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းပွဲတွင် ပါဝင်နိုင်ရန်အတွက် ၎င်းတို့ကိုယ်တိုင် 'Sixth Clan' ကို ဖွဲ့စည်းခဲ့ကြသည်။ ပိုမိုလေ့လာကြည့်ရှုရန် - UN Women. 2012. Women's Participation in Peace Negotiations: Connections between Presence and Influence. New York: UN Women.


## စာအကွက် (၂)

## 'အမျိုးသမီးများ ပထမဆုံး စတင်ပြောဆိုရန် ဦးစားပေး ဖိတ်ခေါ်ခြင်း' – အမျိုးသားအများစုကြီးစိုးသည့် နေရာများတွင် အမျိုးသမီးများ၏ အသံနှင့် ကိုယ်ပိုင်ယုံကြည်မှု တည်ဆောက်ခြင်းကို ထောက်ခံအားပေးရန် အထောက် အထား၊

အမျိုးသားအများစုကြီးစိုးသည့်အခြေအနေများအတွင်း အမျိုးသမီးများ၏ ကိုယ်ပိုင်ယုံကြည်မှုကို စမ်းသပ်သည့် လေ့လာမှု တစ်ခုအရ အစည်းအဝေးများတွင် အမျိုးသမီးများကို ပထမဆုံးစတင်ပြောဆိုရန် ဖိတ်ခေါ်ခြင်းသည် အမျိုးသမီးများ၏ အသံနှင့် တည်ရှိနေမှု တည်ဆောက်ပေးခြင်းတွင် အထောက်အကူပြုပြီး၊ အစည်းအဝေး၏ နောက်ပိုင်းကျန်ရှိသည့် အချိန်များ တွင်လည်း အမျိုးသမီးများကို ပို၍ ပွင့်ပွင့်လင်းလင်း ထုတ်ဖော်ပြောဆိုစေရန် အားပေးသည့် ဝန်းကျင်ကို ဖန်တီးပေးရာ ရောက်ကြောင်း လေ့လာတွေ့ရှိထားသည်။[18]

လေ့လာမှုအရ ၅၀:၅၀ ဂျဲန်ဒါအချိုးညီမျှသော အစည်းအဝေးတစ်ခုတွင် ပထမဆုံး စတင်ဆွေးနွေးပြောဆိုသူသည်အမျိုးသား ဖြစ်ပါက အစည်းအဝေး၏ နောက်ပိုင်းကျန်ရှိသည့် အချိန်များတွင် အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ ကြားဝင် ပြောဆိုခြင်းကို အကြိမ်ရေ ၂ ဆခွဲ ပို၍ လုပ်လေ့ရှိကြောင်းတွေ့ရသည်။ သို့သော် ပထမဆုံး ပြောဆိုသည့်သူသည် အမျိုးသမီး ဖြစ်ပါက အစည်းအဝေး၏နောက်ပိုင်းကျန်ရှိသည့်အချိန်များတွင် အမျိုးသမီးနှင့် အမျိုးသားများသည် အကြိမ်ရေ တူညီစွာဖြင့် ကြားဝင်ဆွေးနွေးခြင်းများ ပြုလုပ်ကြောင်း တွေ့ရသည်။

အစည်းအဝေးဥက္ကဋ္ဌ သို့မဟုတ် ကူညီပံ့ပိုးသူများအနေဖြင့် အမျိုးသမီးများအား ပထမဆုံး မှတ်ချက် သို့မဟုတ် မေးခွန်း မေးမြန်းရန် ဦးစားပေး ဖိတ်ခေါ်နိုင်သလို၊ အမျိုးသမီးများ တင်ပြလာသည့် အတွေးအခေါ်/အကြံဉာဏ်များ သို့မဟုတ် ထုတ်ဖော်ပြောဆိုချက်များကို အတည်ပြုပေးခြင်းဖြင့် အမျိုးသမီးများ၏ အသံများနှင့် အတွေးအခေါ်/အကြံဉာဏ်များကို လူအများပို၍သိရှိစေရန် အားလုံးအကျုံးဝင်ပါဝင်စေသော ကူညီပံ့ပိုးရေးနည်းလမ်းများကို အသုံးပြုနိုင်သည်။ ထို့အပြင် အမျိုးသမီးများကို အစည်းအဝေးဥက္ကဋ္ဌနှင့် နီးရာနေရာသို့ထားပေးခြင်း သို့မဟုတ် အခန်း၏ရှေ့ဆုံး သို့မဟုတ် စားပွဲထိပ်ဆုံး ပိုင်းတွင် ထားပေးခြင်းနှင့်၊ ၎င်းတို့ကိုဖိတ်ခေါ်စဉ်တွင် ၎င်းတို့၏ အတွေ့အကြုံများကို ပြောဆိုဖော်ပြနိုင်ရန် အမျိုးသမီးများ ၏ ကျွမ်းကျင်မှုများနှင့်ပတ်သက်၍ သိရှိထားရပါမည်။




အမျိုးသားများက စတင် စကားပြော ၊ အမျိုးသမီး များက ဆွေးနွေးခြင်းတွင် ပါဝင်မှု နည်းသွား

အမျိုးသမီးများက စတင် စကားပြော ၊ အမျိုးသမီး များက ဆွေးနွေးရာတွင် ပိုမိုပါဝင်လာသည်။

---

[18] Carter, A.J., Croft, A., Lukas, D., Sandstrom, G.M. 2018. "Women's visibility in academic seminars: Women ask fewer questions than men." *PLoS ONE* 13(9). Described in The Economist. 2017. [Women ask fewer questions than men at seminars: There is an easy fix].

## လက်တွေ့တွင် အမျိုးသမီးများ၏ လွှမ်းမိုးစည်းရုံးနိုင်မှုနှင့် ပါဝင်ဆောင်ရွက်မှု

အမျိုးသမီးများက ဆုံးဖြတ်ချက်ချမှတ်ခြင်း အခန်းကဏ္ဍများနှင့် နေရာများအတွင်း လွှမ်းမိုးစည်းရုံးနိုင်ရန်နှင့် ပါဝင်နိုင်ရန် ကြိုးစားဆောင်ရွက်ခဲ့သည့် မဟာဗျူဟာ ဥပမာများကို အောက်တွင်ဖော်ပြထားသည်။

**အများပြည်သူစည်းရုံးလှုံ့ဆော်ခြင်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း** - အမျိုးသမီးများ၏ အရပ်ဘက်လူမှုဖွဲ့အစည်းနှင့် ရပ်ရွာ အခြေပြုအဖွဲ့အစည်းများအနေဖြင့် ဒေသန္တရအဆင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်နိုင် ကြသည်။ ၎င်းတို့ကို နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးနိုင်သလို၊ ၎င်းတို့လုပ်ငန်း၏ နိုင်ငံရေးဆိုင်ရာ သဘောသဘာဝကို ပိုမိုအသိအမှတ်ပြုခြင်းနှင့် ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ပဋိပက္ခကာကွယ်တားဆီးခြင်းနှင့် သဘော တူညီချက်များကိုအကောင်အထည်ဖော်ခြင်းတွင် ပါဝင်ပံ့ပိုးဆောင်ရွက်သူများအဖြစ်တန်ဖိုးထားခံရအောင်ပြု လုပ်နိုင်ပါသည်။

ဥပမာများအနေဖြင့် -

- ကင်မရွန်းနိုင်ငံ၏ အခြေအနေတင်းမာသော ရွေးကောက်ပွဲကာလအတွင်း ငြိမ်းချမ်းသော ရွေးကောက်ပွဲဖြစ်ပေါ်ရေးအတွက် ကင်မရွန်းအမျိုးသမီးများ(Cameroon Women for Peaceful Elections) အစီအစဉ်က ပျံ့နှံ့နေသည့် လိမ်လည်မှုနှင့် အကျင့်ပျက်ခြစားမှုများနှင့်ပတ်သက်၍ အတည်ပြုထားသည့် မူလသတင်းအချက်အလက်များကို သက်သေခံရန်နှင့် လက်ခံရရှိရန် အမျိုးသမီးများဆွေးနွေးတိုင်ကြားရေးဖုန်းလိုင်းစင်တာ (Women Situation Room) ဖုန်းခေါ်ဆိုမေးမြန်းနိုင်သည့်နေရာနှင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးတို့ကို တည်ထောင်ခဲ့သည်။ [19]
- ဆိုမာလီလန်းဒ်နိုင်ငံတွင် အမျိုးသမီးအဖွဲ့အစည်းများသည် အားလုံးအကျုံးဝင်ပါဝင်ရေးကို တောင်းဆိုရန် စေ့စပ်ညှိနှိုင်းရေး နေရာများတွင် ဆန္ဒထုတ်ဖော်မှုများကို ဆက်လက်စီစဉ်ဆောင်ရွက်ခဲ့ကြသည်။ ဤဆောင်ရွက်ချက်များကြောင့် ၁၉၉၃တွင် ကျင်းပခဲ့သော ဘာရိုမာညီလာခံ(Baroma conference)တွင် တရားဝင် စောင့်ကြည့် လေ့လာသူများ ဖြစ်လာခဲ့သည်။[20]
- ဖိလစ်ပိုင်နိုင်ငံတွင်၊ ဘန်ဆာမိုရို(Bangsamoro) အမျိုးသမီးများသည် ၎င်းတို့၏ ရပ်ရွာအတွင်း ပြန်လည်ထူထောင် ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်သူများ ဖြစ်ကြသည်။ ရပ်ရွာ လူထု စည်းရုံးသူ များ အဖြစ် စတင်လုပ်ကိုင်ခဲ့ကြပြီး၊ နောက်ဆုံးတွင် ၎င်းတို့၏ ဒေသန္တရအဆင့် အစိုးရဌာနများတွင် အရာရှိများ သို့မဟုတ် အဖွဲ့ဝင်များ ဖြစ်လာကြသည်။[21] ထို့နောက် ၎င်းတို့သည် အမျိုးသမီးများအား စွမ်းဆောင်ရည် မြှင့်တင်ရန်နှင့် စည်းရုံး လှုံ့ဆော်မှု ဆိုင်ရာပံ့ပိုးမှုများပေးနိုင်ရန် ဘန်ဆာမိုရို အမျိုးသမီးများ စည်းလုံးညီညွတ်ရေး ဖိုရမ် (Bangsamoro Women's Solidarity Forum) ကို တည်ထောင်ခဲ့သည်။ ထို့အပြင် ၎င်းတို့သည် ဆုံးဖြတ်ချက် ချမှတ်ခြင်းတွင် တိုးတက်မှုများ ဆက်လက် ရရှိရန်နှင့် 'ငြိမ်းချမ်းရေးကာလများ'တွင် လက်အောက်ငယ်သား အခန်းကဏ္ဍသို့

---

[19] WILPF. 2020. "Cameroon: Call Center Eases Electoral Process and Monitors Violence During Elections". Accessed 25 October 2023.
[20] Inclusive Peace. 2018. Women in Peace and Transition Processes: Somaliland (1993). Case Study Series. Geneva: Inclusive Peace
[21] Santiago, I. 2011. "Mindanao." In Buchanan, C (eds). 2011. Peacemaking in Asia and the Pacific: Women's participation, perspectives and priorities. Geneva: Centre for Humanitarian Dialogue.

အဆင့်ကျမသွားစေရန် သေချာစွာဆောင်ရွက်ခဲ့သည်။

- အယ်လ်ဆာဗေးဒိုးနိုင်ငံတွင် ပျောက်ဆုံးသွားသည့် မိသားစုဝင်များကို ရှာဖွေပေးသည့် အမျိုးသမီးတက်ကြွလှုပ်ရှားသူများ သည် ပြန်လည်ပေါင်းစည်းရေးနှင့် ပျောက်ဆုံးမှုများနှင့်ဆိုင်သည့် လုပ်ငန်းများအထိ ချဲ့ထွင်ဆောင်ရွက်ခဲ့ကြသည်။ အချိန်ကြာလာသည်နှင့်အမျှ၊ ၎င်းတို့သည် အစိုးရနှင့်လက်တွဲ၍ နိုင်ငံရေးဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုများကို တည်ထောင်နိုင်ခဲ့သည်။ [22]

- လိုက်ဘေးရီးယားနှင့် ကိုလမ်ဘီယာနိုင်ငံတွင် အမျိုးသမီးများသည် GBV ဖြစ်ရပ်များအပါအဝင် ရပ်ရွာ၏ အငြင်းပွားမှုများ ကို ကြားဝင်ဖျန်ဖြေပေးနိုင်ပြီး လက်နက်ကိုင်ပဋိပက္ခ ကင်းစင်သော ဘေးကင်းလုံခြုံသည့်နေရာ များကို ဖန်တီးပေးခဲ့ သည်။ မရှိမဖြစ်လိုအပ်သော ပဋိပက္ခ ကာကွယ်တားဆီးရေးနှင့် ကြိုတင် သတိပေးစနစ်များကို တည်ထောင်နိုင်ခဲ့သည်။[23]

## နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သည့် ဆွေးနွေးပွဲနှင့် စောင့်ကြည့်လေ့လာမှုများတွင် တိုက်ရိုက်ပါဝင်ခြင်း

'ဆွေးနွေးပွဲ စကားဝိုင်းအတွင်း' နှင့် ''ဆွေးနွေးပွဲ စကားဝိုင်းအနီးအနား' တွင်ရှိသည့် အမျိုးသမီးများအနေဖြင့် နိုင်ငံရေး လုပ်ငန်းစဉ် များ တွင် တိုက်ရိုက်လွှမ်းမိုးစည်းရုံးနိုင်ကြသည် - ( ငြိမ်းချမ်းရေးဆွေးနွေးပြောဆိုခြင်းများတွင် လုပ်ငန်းစဉ် ဖွဲ့စည်း တည်ဆောက်ပုံ နှင့် နိုင်ငံရေးဖြေရှင်းချက်များ၊ အများပြည်သူလူမှုဘဝတွင် အမျိုးသမီးများ၏ အနာဂတ် ပါဝင် ဆောင်ရွက်နိုင်မှုကို ပုံဖော်နိုင်ခြင်းမျိုး ဖြစ်သည်။ သီးသန့်အမတ်နေရာများနှင့် ကိုတာစနစ်များသည် အမျိုးသမီးများ၏ တိုက်ရိုက်ပါဝင်ဆောင်ရွက်မှုကို လက်တွေ့ ဖော်ဆောင်ရန် အဓိကမဟာဗျူဟာ တစ်ရပ်ဖြစ်သည်) - ၎င်းသည် အစုအဖွဲ့သီးသန့် ပါဝင်ဆောင်ရွက်ခြင်းအတွက် စံသတ်မှတ်ချက် တစ်ရပ်အဖြစ် ထားရှိခြင်းမျိုးဖြစ်သည်။

အနာဂတ် ရွေးကောက်ပွဲများတွင် အမျိုးသမီးများ ပို၍ပါဝင်နိုင်စေရန် ငြိမ်းချမ်းရေး သဘောတူညီချက်များတွင် စည်းမျဉ်းစည်းကမ်းများ (ကိုတာများ)ချမှတ်ခြင်းသည် အများပြည်သူဆိုင်ရာ (အစိုးရဆိုင်ရာ) အခန်းကဏ္ဍများတွင်အမျိုးသမီးအရေအတွက်ကိုမြှင့်တင်သည့် လူသိများသည့် နည်းလမ်း တစ်ရပ်ဖြစ်သည်။[24] သို့သော် ငြိမ်းချမ်းရေး ဆွေးနွေးပြောဆိုမှုနှင့် စေ့စပ်ညှိနှိုင်းမှုများအတွင်း ကိုတာ စနစ်ကို အနည်းငယ်သာ အသုံးပြုကြဆဲဖြစ်သည်။ ထိရောက်သော လွှမ်းမိုး စည်းရုံးနိုင်မှုပြုလုပ်နိုင်သည့် ဆွေးနွေးပွဲစကားဝိုင်း အနီးအနားတွင် အမျိုးသမီးများကို စောင့်ကြည့် လေ့လာသူများအဖြစ် ထည့်သွင်းနိုင်ပါသည်။

ဥပမာများအနေဖြင့် -

- ယီမင် အမျိုးသားအဆင့်ဆွေးနွေးပွဲညီလာခံသည် မဲဆန္ဒနယ်အားလုံးရှိ အမျိုးသမီးများအတွက် ကိုတာ ၃၀ ရာခိုင်နှုန်း ထားရှိပြီး၊ အမျိုးသမီး ကိုယ်စားလှယ် အမတ်နေရာ (၅၆၅ နေရာတွင်) ၄၀ နေရာရရှိခဲ့သည်။[25] လုပ်ငန်းအဖွဲ့နှင့် ညီလာခံ ဆုံးဖြတ်ချက်များသည် အတည်ပြုချမှတ်ကျင့်သုံးရန်အတွက် ၉၀ ရာခိုင်နှုန်း ထောက်ခံအတည်ပြုချက် လိုအပ်ပြီး၊ ၎င်းသည် အမျိုးသမီးများအား ဖယ်ထုတ် မခံရစေရန်လည်း အထောက်အကူဖြစ်သည်။

- ကင်ညာနိုင်ငံတွင် ၂၀၀၇/၂၀၀၈ အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် ကော်မရှင်အဖွဲ့များတွင် ဂျဲန်ဒါ၊ တိုင်းရင်းသား

[22] Netherlands Institute for Multiparty Democracy. 2021. Women, Peace and Security: Pillars for Peace. The Hague: NIMD.
[23] Coomaraswamy, R. 2015. The Global Study on the Implementation of the United Nations Security Council resolution 1325. New York: UN Women.
[24] Anderson, M.J., Swiss, L. 2014. "Peace Accords and the Adoption of Electoral Quotas for Women in the Developing World, 1990–2006." *Politics and Gender. 10*(1), pp.33–61. Also, see: Shair-Rosenfield, S., Wood, R. 2017). "Governing well after War: How Improving Female Representation Prolongs Post-Conflict Peace." *Journal of Politics. 79*(3), pp.995-1009.
[25] Ibid.

လူမျိုးစု၊ ဘာသာရေး၊ ပထဝီနေရာဒေသဆိုင်ရာ ကိုတာစနစ်များကျင့်သုံးခဲ့ပြီး အများပြည်သူသို့ လူသိရှင်ကြား ကြေညာခဲ့သည်။ ရလဒ်အနေဖြင့် အမျိုးသမီးရှေ့နေများနှင့် တက်ကြွလှုပ်ရှားသူများကို အလုပ်ခန့်အပ်နိုင်ခဲ့သည်။ [26]

- ၂၀၀၃ ခုနှစ်အတွင်း လိုက်ဘေးရီးယား ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အမျိုးသမီးကွန်ရက်တစ်ခုကို စောင့်ကြည့် လေ့လာသူများအဖြစ် ပါဝင်ခွင့်ပေးခဲ့သည်။ ထို အမျိုးသမီးကွန်ရက်သည် အဖွဲ့များအကြား တာဝန်ခံမှုရှိစေရန် စေ့စပ်ညှိနှိုင်းပေးခဲ့ပြီး သဘောတူညီမှုအတွက် အရှိန်အဟုန်ကို ဆက်လက် ထိန်းသိမ်းထားနိုင်ရန် ပြင်ပအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော အဖွဲ့ဖြစ်သည်။ [27]
- ၂၀၁၈ ခုနှစ်နှောင်းပိုင်းတွင် ယီမင်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးသံတမန်ရုံးသည် အမျိုးသမီးနှင့် လူငယ်များ အတွက် သီးသန့်နှင့် လွဲပြောင်း၍မရသော ကိုယ်စားလှယ် အမတ်နေရာများကို သတ်မှတ်ပေးခဲ့သည်။ ယနေ့အချိန်ထိ ပါတီအဖွဲ့အစည်းများသည် ထိုသီးသန့်နေရာများကို အသုံးပြုရန် ငြင်းဆိုကြသည်။
- ၂၀၀၀ ခုနှစ်တွင် ဆိုမာလီယာရှိ မျိုးနွယ်စု ၅ စုသည် အမျိုးသားအဆင့် ငြိမ်းချမ်းရေးညီလာခံကို ကျင်းပခဲ့သည်။ ၎င်းညီလာခံအစီအစဉ်အားလုံးကို အမျိုးသား အများစု ကြီးစိုးခဲ့သည်။ အမျိုးသမီးများသည် ကိုယ်စားလှယ်အဖြစ် ပါဝင်ရန်နှင့် သဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးသူများအဖြစ်ပါဝင်နိုင်ရန် 'Sixth Clan' ကို ဖွဲ့စည်းခဲ့ကြသည်။ ၎င်းတို့သည် အခြား စေ့စပ်ညှိနှိုင်းမှုများ ဆက်လက်ပြုလုပ်နိုင်ခဲ့ပြီး၊ လွှတ်တော်တွင်း ဂျဲန်ဒါဆိုင်ရာ ကိုတာစနစ်ရှိလာရေး အတွက် အဓိကနေရာမှ ပါဝင်ဆောင်ရွက်နိုင်ခဲ့ပြီး၊ ဂျဲန်ဒါနှင့် မိသားစုအရေးကိစ္စဆိုင်ရာ ဝန်ကြီးဌာနတစ်ခု တည်ထောင်ခြင်းနှင့် အခြားအောင်မြင်မှုများလည်း ရရှိခဲ့ကြသည်။ [28]

## အမျိုးသမီးများ၏ အသံများနှင့် ရှုထောင့်အမြင်များကို လူအများပိုမိုသိရှိအောင် ကြေညာခြင်း

ဂျဲန်ဒါတန်းတူအလေးထား ရှုမြင်သော နိုင်ငံရေးဆန်းစစ်လေ့လာမှုကို ဆုံးဖြတ်ချက်ချမှတ်သူ အမျိုးမျိုး (ဥပမာ - ကြားဝင်ဖျန်ဖြေရေး ပံ့ပိုးမှုအဖွဲ့များ) တွင် ရရှိနိုင်ပါသည်။ ပံ့ပိုးသူများ (ဥပမာ - မီဒီယာ)မှာ အခြားနည်းလမ်း တစ်ရပ်ဖြစ်သည်။ လေ့လာမှုများနှင့် သုတေသန ပြုလုပ်ရန် တာဝန်ပေးခြင်းဖြင့် ဆုံးဖြတ်ချက်များကို ပံ့ပိုးပေးနိုင်သည့် ဆန်းစစ်လေ့လာမှုကို အနာဂတ် ကာလ တစ်ခုတွင် အဆင်သင့်ရရှိနိုင်မည်ဖြစ်သည်။

အခြားချဉ်းကပ်မှုတစ်ခုမှာ အများပြည်သူပါဝင်သော ဆွေးနွေးညှိနှိုင်းပွဲများ၊ ဆုံးဖြတ်ချက် ချမှတ်ခြင်းများအပြင် လူထုပါဝင်ဆောင်ရွက်ချက်ဖြစ်သည်။ အမျိုးသမီးများကဲ့သို့ ချန်လှပ်ခံရသည့် အဖွဲ့များမှ စကားဝိုင်းဆွေးနွေးချက်များနှင့်ပတ်သက်၍ အလွတ်သဘောမှတ်ချက်နှင့် အကြံပြုချက်များရရှိရန် အွန်လိုင်းဖိုရမ်များ၊ စစ်တမ်းများ၊ လူမှုမီဒီယာလမ်းကြောင်းများ၊ ဉာဏ်ရည်တု((AI) ဆော့ဖ်ဝဲများ ကိုလည်း အသုံးပြုနိုင်သည်။ ဤရလဒ်များကို လူအများသိရှိအောင်ကြေညာရာတွင် မီဒီယာကဏ္ဍသည် မရှိမဖြစ် အရေးပါလာသည်။ အထူးသဖြင့် ရလဒ်များကို ဆွေးနွေးပွဲ စကားဝိုင်းပေါ်သို့ လွဲပြောင်းရောက်ရှိစေရန် တရားဝင်နည်းလမ်းယန္တရား သို့မဟုတ် ကြားဝင်ဖျန်ဖြေ ဆောင်ရွက်သူကဲ့သို့ အဓိကပုဂ္ဂိုလ်များဖြင့် ဆောင်ရွက်ပါက အကောင်းမွန်ဆုံးဖြစ်သည်။

ဆွေးနွေးညှိနှိုင်းပွဲများ၏အရည်အသွေးတိုးတက်စေရန်

[26] Inclusive Peace. 2018. Women in Peace and Transition Processes: Kenya (2008-2013). Case Study Series. Geneva: Inclusive Peace
[27] Inclusive Peace. 2018. Women in Peace and Transition Processes: Liberia (2003-2011). Case Study Series. Geneva: Inclusive Peace
[28] Asha Hagi Elmi reflects on this effort here https://www.youtube.com/watch?v=K4Nku0HUedE&feature=youtu.be

*Beyond Consultations Tool* သည် အထောက်အကူပြုနိုင်သည်။[29] (စေ့စပ်ညှိနှိုင်းပွဲများ သို့မဟုတ် အရပ်ဘက်လူ့အဖွဲ့အစည်းများသည်) အမျိုးသမီးများ၏အခန်းကဏ္ဍကို လူအများ ပိုမိုသိရှိစေရန်နှင့် တရားဝင်မှု ရှိစေရန်အပြင် ဂျန်ဒါရှုထောင့်အမြင်များကိုအလေးထားရန် လူထုစည်းရုံးလှုံ့ဆော်မှုများကို မဟာဗျူဟာကျကျ အသုံးပြုနိုင်ပါသည်။ မိတ်ဖက်အဖွဲ့အစည်းများထံမှ ဖိအားမရှိလျှင်၊ အဓိက ဆုံးဖြတ်ချက်ချမှတ်သူများသည် တက်ကြွလှုပ်ရှားသူများ၏ အသံ ကို နားထောင်ရန် နိုင်ငံရေးစိတ်စေတနာ ကင်းမဲ့နေလေ့ရှိသည်။

ဥပမာများအနေဖြင့် -

- ငြိမ်းချမ်းရေးအတွက် ဂျန်ဒါတန်းတူရေး မဟာမိတ်အဖွဲ့ (AGIPP)က ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ကို သေချာစွာ ဆန်းစစ်ဝေဖန်၍ ပြန်လည်သုံးသပ်မှုပြုခဲ့သည်။[30] ဤအချက်သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် သဘောတူစာချုပ်တစ်ရပ်အပေါ် အမျိုးသမီးများအရေး ဆောင်ရွက်သူများ၏ ဝေဖန်သုံးသပ်ချက်ဖြစ်ပြီး၊ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် ပထမဆုံးထုတ်ပြန်မှု ဖြစ်သည်ကိုဖော်ပြနေသည်။ AGIPP က အဖွဲ့အစည်းများစွာ၏ အမြင်ကို ထင်ဟပ်စေခဲ့ပြီး ဤသို့ ဆောင်ရွက်နိုင်ခဲ့သည်ကို အချို့က အံ့အားသင့်ခဲ့ကြသည်။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်သည့် လုပ်ငန်းစဉ် ဗဟိုအချက်အချာနေရာတွင် ပါဝင်ဆောင်ရွက်သည့် ပဋိပက္ခတွင်ပါသောအဖွဲ့များ၏ အမျိုးသားကိုယ်စားလှယ်များသည် အမျိုးသမီးများ၏ အကြံပြုတင်ပြသည့် ထင်မြင်ချက်များနှင့် လိုက်လျောညီထွေမရှိပါ။
- ယီမင်နိုင်ငံရှိ ကုလသမဂ္ဂအထူးသံတမန်ရုံး/အထူးကိုယ်စားလှယ်ရုံးက ဆန်းစစ်လေ့လာသူ ယီမင်အမျိုးသမီးများကို ၂၀၂၀/၂၁ တွင် လုံခြုံရေးပြုပြင်ပြောင်းလဲမှုနှင့် အခွင့်အာဏာခွဲဝေမှုပါဝင်သော အကြောင်းအရာများနှင့် ပတ်သက်၍ ဂျန်ဒါရှုထောင့် အမြင်ဖြင့် ဆန်းစစ်လေ့လာမှုတစ်ရပ် ပြုလုပ်ရန်တာဝန်ပေးခဲ့သည်။ ရည်ရွယ်ချက်အားဖြင့် ဝန်ထမ်းများက ဂျန်ဒါတန်းတူ အလေးထားရှုမြင်သောအချက်အလက်နှင့် ရှုထောင့်အမြင်များကို အလွယ်တကူ အသင့်ရယူ အသုံးပြုနိုင်ရန်ဖြစ်သည်။
- ၂၀၂၂ ခုနှစ် ဩဂုတ်လမတိုင်မီ၊ အာဖဂန်နစ္စတန်နိုင်ငံတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများမှ အမျိုးသမီးများကို စနစ်တကျ ဖယ်ထုတ်ထားမှုကြောင့် ဘစ်ရှ်နော (Bishnaw) စစ်တမ်း ဖြစ်ပေါ်စေခဲ့သည်။ ဤစစ်တမ်းသည် (ဆွေးနွေးပွဲများ ပြုလုပ်သည့်တစ်ချိန်တည်းတွင်) ဆွေးနွေးပွဲများတွင် ဖော်ပြခဲ့သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အာဖဂန် အမျိုးသမီးများ၏ ရှုထောင့်အမြင်များကို စစ်တမ်းကောက်ယူခဲ့ပြီး အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့သည်။[31]
- ကိုလံဘီယာနိုင်ငံတွင် စေ့စပ်ညှိနှိုင်းရေးအဖွဲ့များသည် နိုင်ငံသားများ၏အကြံပြုချက်များအတွက် ဝက်ဘ်ဆိုက် တစ်ခု အပါအဝင် အများပြည်သူနှင့် ဆွေးနွေးနိုင်သည့် ဆွေးနွေးညှိနှိုင်းရေးယန္တရားတစ်ရပ်ကို ထူထောင်ခဲ့သည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်လည်း ၎င်းတို့ပါဝင်နိုင်ပုံနည်းလမ်းများနှင့်ပတ်သက်၍ တိုင်ပင်ဆွေးနွေးခဲ့သည်။ ရည်ရွယ်ချက်မှာ စေ့စပ်ညှိနှိုင်းသူများ အနေဖြင့် ၎င်းတို့နှင့်အတူ အစည်းအဝေးများကို ပို၍ အဓိပ္ပါယ်ရှိစွာ ပြင်ဆင်နိုင်ရန် အတွက်ဖြစ်သည်။
- ၁၉၉၄ ခုနှစ်တွင် ဂွမ်တီမာလာအရပ်ဘက်လူမှုအဖွဲ့အစည်း (အမျိုးသမီးအဖွဲ့ပေါင်း ၃၃ ဖွဲ့ပါဝင်) စုံညီအစည်းအဝေးက

[29] https://beyondconsultations.org/. တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

[30] Alliance for Gender Inclusion in the Peace Process. 2018. *If half the population mattered: A Critique of the Myanmar Nationwide Ceasefire Agreement and Joint Monitoring Committee Framework from a Gender Perspective.* Policy brief 4. Yangon: AGIPP.

[31] ပိုမိုလေ့လာလိုပါက https://www.bishnaw.com/home/en. တွင် လေ့လာကြည့်ရှုနိုင်ပါသည်။

စေ့စပ်ညှိနှိုင်းရေးအဖွဲ့များအနေဖြင့် ဥပဒေကဲ့သို့စည်းနှောင်မှုမရှိသော အကြံပြုချက်များပေးနိုင်ရန် တက်ကြွပြီး ထိရောက်စွာ ဖွဲ့စည်းထားသော အရပ်ဘက်လူမှုဖွဲ့အစည်းအကြား အကျိုးစီးပွားတူအုပ်စုများအတွက် ပလက်ဖောင်း လမ်းကြောင်း တစ်ခုကို တည်ထောင်ပေးခဲ့သည်။[32]

## လက်တွေ့ဆောင်ရွက်နေသူများ၏ ရှုထောင့်အမြင်များ

ဖိလစ်ပိုင်နိုင်ငံတွင် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းအတွင်း အမျိုးသမီးများစွာ ပါဝင်ခဲ့ကြသည်။ ယခင် အစိုးရ ငြိမ်းချမ်းရေး စေ့စပ်ညှိနှိုင်းရေး ဦးဆောင်ဆွေးနွေးသူတစ်ဦးဖြစ်ခဲ့သည့် Irene Santiago သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် များတွင် အမျိုးသမီးများ အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြောင်းလဲရမည့် အဓိကအတားအဆီး ၃ မျိုးမှာ - နိုင်ငံရေး၊ နည်းပညာနှင့် ဖွဲ့စည်းပုံဆိုင်ရာ အတားအဆီးများ ဖြစ်ကြောင်း ဖော်ထုတ်ခဲ့သည်။[33]

၎င်းမှုဘောင်အရ နိုင်ငံရေးလုပ်ငန်းစဉ်များမှ အမျိုးသမီးများကို ဖယ်ထုတ်ထားသည့် အကြောင်းပြချက်နှင့် ကျင့်သုံးမှုများကို ဖြိုဖျက်ရန် ထိရောက်သည့်နည်းလမ်းပေါင်းစုံပါဝင်သော ချဉ်းကပ်မှုကို ပြုလုပ်ရန်အရေးကြီးကြောင်း ဖော်ပြထားသည်။ Santiago က လက်တွေ့ကျသောဆောင်ရွက်ချက်အမျိုးမျိုး ပြုလုပ်ရန်လိုအပ်ကြောင်းလည်း အလေးထားပြောဆိုထားသည်။ ၎င်းဆောင်ရွက်ချက်များအားဖြင့် အမျိုးသမီးများကို ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်တွင် တစ်စိတ်တစ်ပိုင်းပါဝင်ရန် အထောက်အကူပြုရုံသာမက စွမ်းဆောင်ရည်များရှိလာရန်လည်း အထောက်အကူပြုသင့်သည်။ ရည်ရွယ်ချက်ပန်းတိုင်မှာ အမျိုးသမီးများကို စကားဝိုင်းများတွင် ပါဝင်စေရုံသာမကဘဲ ဆွေးနွေးပွဲစကားဝိုင်းများ၏ သဘောတရားနှင့်ပတ်သက်၍ ကျွန်ုပ်တို့ တွေးမြင်ပုံကိုပြောင်းလဲရန်နှင့် နိုင်ငံရေးတွင် အမျိုးသမီးများ ပါဝင်မှုကို မြှင့်တင်ရန်ဖြစ်သည်။

***သဘောတရားဆိုင်ရာ အတားအဆီးများ*** နှင့်ပတ်သက်၍ ပထမဆုံးအချက်အနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ငြိမ်းချမ်းရေးရေရှည်တည်ဆောက်ခြင်းထက် ပဋိပက္ခအဆုံးသတ်ရေးအဖြစ်သာ နားလည်ထားလေ့ရှိသည်။ ထို့ကြောင့် စကားဝိုင်းတွင် လက်နက်ကိုင်အဖွဲ့များသာရှိရမည်ဆိုသော သဘောတရားကို အားပေးရာရောက်ပြီး လူဦးရေ ထက်ဝက်ကျော် (အမျိုးသမီးနှင့် အခြားဖယ်ကြဉ်ခံအုပ်စုများ)ကို ချန်လှပ်ခြင်းများဖြစ်လာသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ၎င်းအတားအဆီးကို ကျော်လွှားနိုင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဆွေးနွေးပွဲများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အသွင်ကူးပြောင်းခြင်းမှတစ်ဆင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးနှင့် မတရားမှုများဖြေရှင်းရေးနှင့် ပတ်သတ်၍ ပြန်လည်လမ်းကြောင်းတည့်မတ် ဆွေးနွေးစေသောကြောင့်ဖြစ်သည်။ အမျိုးသမီးများပါဝင်ရေးအတွက် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာဆွေးနွေးမှုများကို အသုံးပြုပြီး ညှိနှိုင်းရေးအဖွဲ့များမှ တစ်ဦးချင်းအပါအဝင် အဓိက လှုပ်ရှားဆောင်ရွက်သူ အမျိုးသမီးများ၏အခန်းကဏ္ဍမှာ ချန်ပီယံဖြစ်ခဲ့သည်။ သိသာထင်ရှားသည့် ဆောင်ရွက်သူများအဖြစ် အမျိုးသမီးများ ပါဝင်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်း၊ အခြေခံလူတန်းစားအဖွဲ့များ၊ မီဒီယာကဏ္ဍအစရှိသည့် အဆင့်အမျိုးမျိုးတွင် နည်းလမ်းမျိုးစုံဖြင့် ငြိမ်းချမ်းရေးကို ဆောင်ရွက်ခဲ့ကြသည်။

***နိုင်ငံရေးဆိုင်ရာအတားအဆီးများ*** နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်မှ အမျိုးသမီးများကို

[32] Inclusive Peace. 2018. Women in Peace and Transition Processes: Guatemala (1994-1999). Case Study Series. Geneva: Inclusive Peace
[33] This is drawn from an interview with Irene Santiago by Anna Hess (CSS ETH Zurich) on 7 March 2014 on Women in Peace Processes, available at: https://www.youtube.com/watch?v=TSWIGHmjBnA&list=PLXMa7vto-_OVolYMjtFm8D_s_XOkxWrLI&index=1; and Santiago, I. 2015. The Participation of Women in the Mindanao Peace Process. New York: UN Women.

ချန်လှပ်ဖယ် ထုတ်ထားခြင်း၊ နိုင်ငံရေးမှ ကင်းကွာအောင်ပြုလုပ်ခြင်းနှင့် အမျိုးသမီးများ၏အလုပ်ကို "လူမှုရေးအလုပ်" အဖြစ် သတ်မှတ် ခြင်းတို့ပါဝင်သည်။ အမျိုးသမီးများတွင် သိသာထင်ရှားသည့် သက်ဆိုင်ရာ နိုင်ငံရေးအတွေ့အကြုံများနှင့် အရပ်ဘက်လူမှု အဖွဲ့အစည်းများတွင် လုပ်ကိုင်ခဲ့သည့် ကျွမ်းကျင်မှုများရှိကြသည်။ သို့သော် ၎င်းတို့ကို အသိအမှတ်ပြုခြင်းမရှိပါ။ ဆန့်ကျင်ဘက်အနေဖြင့်၊ အမျိုးသားများ၏ ဘဝအတွေ့အကြုံများ၊ အထူးသဖြင့် လက်နက်ကိုင်အဖြစ် လုပ်ကိုင်ခဲ့သည့် အတွေ့အကြုံများကို တန်ဖိုးရှိသော ကူးပြောင်းအသုံးချနိုင်သည့် အသိပညာနှင့် ကျွမ်းကျင်မှုများအဖြစ် နိုင်ငံရေးနယ်ပယ်တွင် အသိအမှတ်ပြုလေ့ရှိကြသည်။ အမျိုးသမီးများ၏ ဘဝအတွေ့အကြုံများအတွက်တော့ ထိုသို့မဟုတ်ပေ။ အမျိုးသမီးများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍများနှင့် ရပ်တည်ချက်များကို ထောက်ရှုကြည့်လျှင်၊ ၎င်းတို့သည် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးအတွက် လူမှုအသွင်ပြောင်းလဲခြင်းနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ် နှစ်ရပ်လုံး လိုအပ်သည်ဟု ရှုမြင်ရန် ပိုမိုလိုလားကြသည်။ အမျိုးသမီးများပါဝင်ရေးအတွက် စည်းရုံးမဲဆွယ်ရာတွင် လိုက်နာအပ်သည့် စံသတ်မှတ်ချက်များနှင့် မဟာဗျူဟာမြောက်ထိရောက်သော နည်းလမ်း နှစ်ရပ်လုံးကို အသုံးပြုသင့်သည်။

***နည်းပညာပိုင်းဆိုင်ရာ အတားအဆီးများ*** နှင့်ပတ်သက်၍ အမျိုးသမီးများသည် အခြေအနေအများစုတွင် နိုင်ငံရေးနှင့် လုံခြုံရေး နယ်ပယ်သို့ လက်လှမ်းမီရောက်ရှိမှုနည်းပြီး၊ သက်ဆိုင်ရာ နည်းပညာပိုင်းကျွမ်းကျင်မှုများတိုးတက်ရန် အခွင့်အလမ်းများလည်း မရရှိသောကြောင့်ဖြစ်သည်။ Santiago က ဂျဲန်ဒါရေးရာကျွမ်းကျင်သူအဖြစ်သာ အမြင်ခံရသည့်အခြေအနေနှင့် ပတ်သက်၍ သတိပေးပြောဆိုထားသည်။ ၎င်းအချက်သည် သူမ၏ကိုယ်ပိုင်စေ့စပ်ညှိနှိုင်းရေးအဖွဲ့အတွင်း လွှမ်းမိုးစည်းရုံးမှု တွင် အကြီးမားဆုံး အတားအဆီးအဖြစ်ရှိခဲ့ခြင်းကြောင့်ဖြစ်သည်။

ဤအချက်ကိုဖြေရှင်းရန်အတွက် သူမသည် အပစ်အခတ်ရပ်စဲရေးနှင့် လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူဖြစ်လာရန် ကိုယ်တိုင်သင်ယူလေ့လာခဲ့သည်။ ထို့နောက်ပိုင်းတွင် သူမနှင့် အဆင့်တူ အမျိုးသားများနှင့်ယှဉ်ကြည့်ပါက သူမသည် ဆွေးနွေးပွဲများအတွင်း တန်ဖိုးရှိသည့်အချက်များ ပါဝင်ဆွေးနွေး တင်ပြနိုင်သည်ဟု မြင်လာကြသည်။ ဤကိစ္စရပ်မျိုးကိုဖြေရှင်းရန် အမျိုးသမီး ကျွမ်းကျင်သူအမျိုးမျိုးပါဝင်သည့် အဖွဲ့များကို စုစည်းနိုင်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးသဘောတူစာချုပ် မူကြမ်းရေးဆွဲစဉ်နှင့် အကောင်အထည်ဖော်စဉ် ကာလများ အတွင်း သီးခြားခေါင်းစဉ်များအလိုက် ဆောင်ရွက်နိုင်သည့်နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူအမျိုးသမီးများစာရင်းကို အလွယ်တကူ ရယူအသုံးပြုနိုင်မည်ဖြစ်သည်။[34]

[34] For example, these can be seen in women mediator networks like the Southeast Asian Network of Women Peace Negotiators and Mediators (https://twitter.com/SEAWomenPeaceNM).

# ရင်းမြစ်စာရင်း


- GAPS UK et al. 2019. *Beyond consultations: A tool for meaningfully engaging with women in fragile and conflict-affected states.*
- Haines, R and Buchanan, C. 2023. *Practice Note: Making inclusive analysis a reality – strengthening political analysis in Myanmar post-2021*. Singapore: Reimagining Conflict Sensitivity. Available in Burmese.
- Viswanathan, R. 2021. *Learning from Practice: Resistance and Backlash to Preventing Violence against Women and Girls*. New York: UN Women.
- UN Women. 2018. Experts Group report on women's meaningful participation in peace processes and gender-inclusive peace agreements. New York: UN Women.
- Domingo, P et al. 2014. *Women's participation in peace and security: Normative ends, political means*. Briefing paper. May. UK: Overseas Development Institute
- Buchanan, C (eds). 2011. *Peacemaking in Asia and the Pacific: Women's participation, perspectives and priorities*. Geneva: Centre for Humanitarian Dialogue.
- Shair-Rosenfield, S. and Wood, R. 2017. "Governing well after War: How Improving Female Representation Prolongs Post-Conflict Peace," *Journal of Politics,* Vol. 79, Issue 3, pp. 995-1009.
- Koester, D. 2015. *Gender and power.* Brief 4. Development Leadership Program.



မြန်မာနိုင်ငံ UN Women ရုံး၏ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေး စီမံကိန်းအဖွဲ့က တာဝန်ပေးဆောင်ရွက်ခြင်း ဖြစ်သည်။



ဤပုံနှိပ်ထုတ်ဝေမှုတွင် ဖော်ပြထားသော သဘောထားအမြင်များသည် စာရေးသားသူ(များ)၏ အမြင်နှင့် သဘောထားများသာ ဖြစ်ပြီး ဂျန်ဒါတန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်း (UNWomen)၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ သို့မဟုတ် ဆက်စပ်အဖွဲ့အစည်းများ၏ သဘောထားအမြင်များကို ကိုယ်စားပြုဖော်ပြထားခြင်း လုံးဝ မရှိပါ။



စာရေးသူ - Michelle Gehrig ၊ အကြံပြုချက်ပေးသူ - Cate Buchanan, Athena Consortium

တည်းဖြတ်သူ - Gabrielle John

**UN WOMEN MYANMAR**

**Ph:** +95 123 596 01581
**E:** communications.mmr@unwomen.org
**W:** myanmar.unwomen.org